# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၃) ရက်၊ ဗုဒ္ဓဟူးနေ့ ၊ (5-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (ဝ၆၆)


**ဒို့တာဝန်အရေးသုံးပါး**

❖ ပြည်ထောင်စုမပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



**နေပြည်တော် ဇူလိုင် ၄**

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန (က)အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။**




ရတနာပုံ
၂၀၁၂ ခုနှစ် ဇူလိုင် ၅ ရက်
အယ်ဒီတာ့အာဘော်

# ပြည်တွင်းစားသုံးဆီဖူလုံရေး ကြိုးပမ်းဆောင်ရွက်

မြန်မာလူမျိုးတို့သည် ဆီကိုကြိုက်နှစ်သက်ပြီး ဟင်းလျာများချက်ပြုတ်ရာတွင် ဆီပြန်ချက်၍ အများဆုံးစားသုံးလေ့ရှိသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စားသုံးဆီလိုအပ်ချက်ရှိရာ ပြည်တွင်းစားသုံးဆီဖူလုံရေး ကြိုးပမ်းဆောင်ရွက်ရန် ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကျန်းမာရေးအတွက် တစ်ရက်လျှင် လူတစ်ဦးချင်း ဆီစားသုံးရန်လိုအပ်မှုမှာ ၂ ဒသမ ၂၅ ကျပ်သားထိသာဖြစ်သည်။ ၎င်းနှုန်းဖြင့် တစ်နိုင်ငံလုံးအတွက် ဆီလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခဲ့ရာ မိမိတို့နိုင်ငံ၏ဆီထွက်မှုနှင့် လုံလောက်မှုမရှိပေ။ မိမိတို့နိုင်ငံရှိ တစ်ဦးချင်း ဆီစားသုံးမှုသည် မြင့်မားလျက်ရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဆီစားသုံးမှုကို လျှော့ချရန်လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း စားသုံးဆီထုတ်လုပ်မှုတိုးတက်ရေးအတွက် လုပ်ဆောင်ကြရမည်ဖြစ်သည်။

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ် စသည့်သီးနှံများ၏ လက်ရှိအထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုပါက စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ အဆိုပါဆီထွက်သီးနှံများကို အသုံးပြုရာတွင် မြေပဲ၊ နှမ်းများကို ရိုးရာနည်းဖြင့်စားသုံးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ဆီထုတ်လုပ်ခြင်းများဆောင်ရွက်ကြသည်။ ရိုးရာစားသုံးမှုနှင့် ပြည်ပသို့တင်ပို့ခြင်းများကြောင့် ထွက်ရှိသည့် မြေပဲနှင့် နှမ်းများ၏ ရာခိုင်နှုန်းထက်ဝက်ခန့်လျော့နည်းသွားသဖြင့် ပြည်တွင်းဆီဖူလုံမှုကို လျော့နည်းသွားစေသည်။ ထို့ကြောင့် ဆီထွက်သီးနှံများကို ပြည်ပသို့တင်ပို့ခြင်းထက် ဆီထုတ်လုပ်ခြင်း၊ ရိုးရာနည်းဖြင့် စားသုံးမှုများကို ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပြည်တွင်းစားသုံးဆီဖူလုံမှုကို ဖြေရှင်းနိုင်ရန်အတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့်ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်တိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များရရှိရန်သာမက ထိုက်သင့်သည့် မြေဩဇာများထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်စွာ စနစ်တကျစိုက်ပျိုးနိုင်ရန် လိုအပ်ပေသည်။

မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ (စားအုန်းဆီ) မပါ စိုက်ဧက ရှစ်သိန်းရှိပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စားသုံးဆီဖူလုံမှုမှာ ၂၉၄ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်သဖြင့် ပြည်ပမှ ဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းထုတ်လုပ်မှုများကို မြှင့်တင်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးမှာ များစွာတိုးတက်ပြောင်းလဲသွားနိုင်မည်ဖြစ်သည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ဆီစက်များလည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့်နှမ်းဖတ်၊ ပဲဖတ်များရရှိခြင်း၊ အလုပ်အကိုင်များရရှိခြင်းများဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးနှင့်ညီညွတ်စေရန် ဆီစားသုံးမှုကိုလျှော့ချပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၅ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ



**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၅ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခု ဧရာဝတီမြစ်ရေများချိန်ကာလတွင် ဧရာဝတီလင်းပိုင်များ နေရာပြောင်း၍ အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဇွန်လအတွင်းက ဧရာဝတီလင်းပိုင်များအနေဖြင့် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခုအခါ မြစ်ရေများ ချိန်ကာလဖြစ်သည့်အတွက် အစာရေစာပေါများသည့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဇူလိုင် ၃ ရက်မှစ၍ ဧရာဝတီလင်းပိုင် ၁၅ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေက တဖြည်းဖြည်းတက်လာတာကြောင့် မြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါများတဲ့ မတ္တရာမြို့နယ်အတွင်းက မြေစွန်းကျေးရွာအနီးမှာ အုပ်စုလိုက်နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ ဇူလိုင် ၃ ရက်က တွေ့မြင်ခဲ့ပါတယ်"ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

ထို့ကြောင့် လက်ရှိတွင် ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ခရီးသွားဧည့်သည်များအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် သွားရောက်ကြည့်ရှုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသများမှ ဝင်ရောက်လာသည့် မုန်လာဥများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသများမှ မုန်လာဥများ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် မုန်လာဥများ နေ့စဉ် ခြောက်ဘီးကားလေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ မုန်လာဥဈေးနှုန်းများမှာ မုန်လာဥ ၁၅ လုံးပါ အတွဲတစ်တွဲလျှင် ငွေကျပ် ၁၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မုန်လာဥက တောင်ပေါ်ဒေသနယ်ဘက်တွေကပဲ ထွက်ရှိတော့တယ်။ ဈေးကောင်းပြီးတော့ အရောင်းအဝယ်တွေလဲ ကောင်းနေပါတယ်။ တောင်ပေါ်ဒေသက ထွက်ရှိလာတဲ့ မုန်လာဥတွေ မန္တလေး ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ မြေပြန့်ဒေသဘက်တွေက ထွက်ရှိမှုမရှိတော့ပါဘူး။ စိုက်ပျိုးမှုတွေက အရင်ကနဲ့စာရင် နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေကောင်းနေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ပိုလ်စားပဲ၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောမည်

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် လေးမြို့နယ်ရှိ စက်ရုံများနှင့် အလုပ်ဌာနများမှ အလုပ်သမားများကို ဇူလိုင်လ ဒုတိယပတ်မှစ၍ လူမှုဖူလုံရေးအကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် အာမခံစနစ်များအကြောင်း ပိုမိုသိရှိနားလည်စေရန် အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း၊ အသိပညာပေးဟောပြောရာတွင် ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့တွင်ရှိသည့် အလုပ်ဌာနများကို မြို့နယ်လူမှုဖူလုံရေးရုံးခွဲများမှ ချိတ်ဆက်ပြီး တိုင်းဒေသကြီးတာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြသည်။

"မန္တလေးမြို့ပေါ်ရှိ ရုံးခွဲတွေအလိုက် အနည်းဆုံး တစ်မြို့နယ်ကို ငါးကြိမ် ဟောပြောပွဲပြုလုပ်သွားမှာပါ။ အစိုးရဌာနလက်အောက်မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ သင်တန်းကျောင်းတွေ၊ ဦးစီးဌာနတွေ၊ ကော်မတီအဖွဲ့အစည်းတွေကို ၂၀၁၂ ခုနှစ်ရဲ့ လူမှုဖူလုံရေးဥပဒေအကြောင်းတွေကို အခုလ ဒုတိယပတ်ကနေစပြီး ဟောပြောဆွေးနွေးပွဲလုပ်မယ်။ အာမခံစနစ်သုံးခုကို အကောင်အထည်ဖော်နေပါတယ်။ အာမခံစနစ်သုံးခုကို ထည့်ဝင်ကြေး ဘယ်လောက်သွင်းရမယ်။ တစ်ခုချင်းကနေ ဘာတွေရနိုင်တယ်။ ဆေးကုသမှုခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်မှာ မမာမကျန်းရမယ်။ မီးဖွားမှုဆိုင်ရာ ဆေးဖိုးပြန်အမ်းခြင်း ငါးမျိုးအကြောင်း၊ အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ်ဆိုတဲ့ အကြောင်းအရာတွေကို အသိပညာပေးဆွေးနွေးဟောပြောမယ်။ အလုပ်ဌာနတွေက အလုပ်သမားတွေကို သိရှိလိုတဲ့ အကြောင်းအရာတွေ ဟောပြောပြီး အပြန်အလှန်ဆွေးနွေးပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၀၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တနသီရိယဉ်ကျေးမှုအထောက်အထား အိုးကွဲစများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့သမိုင်းအစသည် မြန်မာအစတကောင်းက၊ မြန်မာအစ ကျောက်ဆည်က၊ မြန်မာအစ မြန်မာကဟု ယူဆချက်များကွဲပြားသော်လည်း နှစ်ကာလများစွာကပင် ဖြစ်တည်ခဲ့ကြောင်းကိုကား မငြင်းနိုင်ချေ။ သမိုင်းဦးကာလက မြန်မာနိုင်ငံဟု နယ်မြေပိုင်းခြားချက်မရှိခဲ့ချိန်က နောင်တွင် မြန်မာနိုင်ငံပိုင်နက်ဖြစ်လာသည့်ဧရိယာအတွင်း၌ လူသားများနေထိုင်ခဲ့ကြသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ပုံတောင်ဒေသ၌ နှစ်သန်း ၄၀ သက်တမ်းရှိပြီဖြစ်သည့် လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း အပိုင်းအစတချို့ကို တွေ့ရှိခဲ့သည်။

မြန်မာ့မြေပေါ်တွင်နေထိုင်ခဲ့သည့် လူသားမျိုးဆက်များသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ ဖြတ်သန်းခဲ့သည့်အထောက်အထားများကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပ ရှေးဟောင်းသုတေသနပညာရှင်များက ကျောက်ခေတ်ယဉ်ကျေးမှု ကျောက်လက်နက်မျိုးစုံကိုလည်းကောင်း၊ ကြေးခေတ်၊ သံခေတ်နှင့် ပျူခေတ်ယဉ်ကျေးမှုအထောက်များကိုလည်းကောင်း တူးဖော်တွေ့ရှိခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းထွန်းကားခဲ့သည့် ယဉ်ကျေးမှုများတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် ပျူခေတ်ယဉ်ကျေးမှုတို့သည် အထင်ရှားဆုံးနှင့် သုတေသီများ စိတ်ဝင်စားမှုအများဆုံးဖြစ်သည်။

သို့သော် တနင်္သာရီတိုင်းဒေသကြီးအောက်ပိုင်းတွင် တစ်ချိန်က ထွန်းကားခဲ့ပြီး တိမ်မြုပ်နေခဲ့သည့် တနသီရိယဉ်ကျေးမှုနှင့် အထောက်အထားများကို ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက သုတေသနပြုဖော်ထုတ်ကာ စာအုပ်ပြုစုထုတ်ဝေခဲ့သည်။ တနသီရိယဉ်ကျေးမှု(Tanu Sri Culture)သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း၌ ခရစ်တော်မပေါ်မီ ၄ ရာစုမှ အေဒီ ၁၂ ရာစုထိ ထွန်းကားခဲ့သည်ဟုဆိုသည်။

**ကော့သောင်းမြို့နယ်၏ နောက်ခံ**

မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းတွင်တည်ရှိသည့် ကော့သောင်းမြို့နယ်သည် ရှေးအခါက မြိတ်ခရိုင်လက်အောက်တွင်ရှိခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနမှတ်တမ်းများအရ ၁၇၅၀ ပြည့်နှစ်ဝန်းကျင်တွင် ယိုးဒယားနှင့် မြန်မာတို့က မြိတ်ခရိုင် နယ်မြေဒေသများကို တစ်လှည့်စီပိုင်ဆိုင်ခဲ့သည်။ ၁၇၅၉ ခုနှစ်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျက မြိတ်ခရိုင်နယ်မြေဒေသများကို ယိုးဒယားတို့လက်မှ ပြန်လည်သိမ်းပိုက်ခဲ့ပြီးနောက် ၎င်းဒေသကို မြန်မာတို့က ၆၅ နှစ်ကြာ အုပ်ချုပ်ခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်တို့က မြိတ်ခရိုင်ကိုသိမ်းပိုက်ခဲ့ပြီး မြိတ်ခရိုင်နှင့် ဝိတိုရိယခရိုင်ဟု ခွဲခြားအုပ်ချုပ်ခဲ့သည်။

၁၈၅၉ ခုနှစ်မှစ၍ ဒေသခံမြန်မာများသည် ပါချန်မြစ်အနီးဝန်းကျင်ဒေသများတွင် ရေကြည်ရာမြက်နုရာရှာဖွေရင်း မလိဝမ်းတွင်ရွာတည်ကာနေထိုင်ခဲ့ကြသည်။ မလိဝမ်းသည် ယိုးဒယားအမည်ဖြစ်၍ ဝွန်ပန်းကဲ့သို့သော ပန်းတစ်မျိုးတည်းအမြောက်အမြားပွင့်သည့်နေရာဟု အဓိပ္ပာယ်ရသည်။

ကော့သောင်းမြို့၏အရှေ့ဘက်ရှိ ဘာဝါးကျွန်းနှင့် သောင်းရင်းကျွန်း(ယခုမြေကျွန်း)တို့ကို အမှတ်အသားပြုလျက် ကော့သောင်းကို ယိုးဒယားအမည်ဖြင့် ကော့စွန်(ကျွန်းနှစ်ကျွန်း)ဟုခေါ်ဆိုရာမှ မြန်မာအသံဖြင့် ကော့သောင်းဟု အမည်တွင်ခဲ့သည်။

ကော့သောင်းမြို့နယ်အတွင်း၌ ကျွန်း ၉၃ ကျွန်းရှိသည့်အနက် ကျွန်း ၂၀ တွင် လူများနေထိုင်ကြပြီး ကျန်ကျွန်း ၇၃ ကျွန်းတွင် လူနေထိုင်ခြင်းမရှိချေ။ ရတနာကျွန်း၊ သူဌေးကျွန်း၊ ခရူကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ဂျလန်ကျွန်း၊ ခရင်းခွကျွန်း၊ ဆလုံကျွန်းနှင့် မွေတော်ကျွန်းတို့သည် အထင်ရှားဆုံးဖြစ်သည်။

**ကမ္ဘာ့ကုန်သွယ်ရေး ပိုးလမ်းမများ**

ကုန်းလမ်းကြောင်း ပိုးလမ်းမသည် ကီလိုမီတာ ၆၄၀၀(မိုင် ၄၀၀၀)ကျော် ရှည်လျား၍ ခရစ်တော်မပေါ်မီ ၂ ရာစုမှ ခရစ်တော်ပေါ်ပြီး ၁၅ ရာစုထိ ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုခဲ့သည်။ ၎င်းလမ်းကြောင်းသည် ၁၉ ရာစုတွင် ပိုးလမ်းမဟု အမည်တွင်ခဲ့ခြင်းသည် တရုတ်နိုင်ငံမှ ပိုးထည်ပစ္စည်းများကို အများဆုံးကုန်သွယ်သည့် ထိုလမ်းကို ဂျာမနီနိုင်ငံသား ဖာဒီနန်ဘွန်ရစ်ချ်သိုဖန်က ၁၈၇၂ ခုနှစ်တွင် ပိုးလမ်းမဟု အမည်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ ပိုးလမ်းမသည် အာရှနှင့် အရှေ့တောင်အာရှ၊ အိန္ဒိယ တိုက်ငယ်၊ အာရှတိုက်အလယ်ပိုင်း၊ အရှေ့အာဖရိကနှင့် ဥရောပတိုက်ကိုထိ ဆက်သွယ်ထားသည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ခဲ့သည်။

ပိုးလမ်းမလမ်းကြောင်းမှတစ်ဆင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့ တိုးတက်လာခဲ့ကာ တစ်နေရာမှတစ်နေရာ ကူးလူးဆက်ဆံမှုများကြောင့် ကိုယ်ပိုင်ယဉ်ကျေးမှုများ ပေါ်ထွန်းခဲ့သည်။ ပိုးလမ်းမတစ်လျှောက် ရွှေ့ပြောင်းနေထိုင်မှုများလည်း ဖြစ်ပေါ်ခဲ့သဖြင့် ရှိရင်းစွဲ လူမှုအသိုက်အဝန်းတချို့သည် အခြား ယဉ်ကျေးမှုတချို့နှင့် ပေါင်းစပ်ခဲ့ကြသည်။ ထိုအချိန်က ကုန်းတွင်းပိုးလမ်းမကြောင်းအပြင် ရေကြောင်းပိုးလမ်းမမှလည်း ကုန်သွယ်မှုများကို ပြုလုပ်ခဲ့ကြသည်။



တနသီရိယဉ်ကျေးမှုအထောက်အထား အိုးကွဲတစ်လုံးကို တွေ့ရစဉ်။

ရေကြောင်းပိုးလမ်းမသည် တောင်တရုတ်ပင်လယ်မှ ဥရောပနိုင်ငံများထိ ရှည်လျားခဲ့ကာ ဗီယက်နမ်၊ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မြန်မာနိုင်ငံတောင်ဘက်စွန်းတို့ကိုဖြတ်သန်းနေသည့် ကုန်သွယ်လမ်းကြောင်းတစ်ခုဖြစ်သည်။ ကုန်းတွင်းပိုးလမ်းမနှင့် ရေကြောင်းပိုးလမ်းမကြား မြန်မာနိုင်ငံအတွင်း၌ စရုံယဉ်ကျေးမှုနှင့် ပျူယဉ်ကျေးမှုတို့ ထွန်းကားခဲ့သည်။

**တနသီရိယဉ်ကျေးမှု**

တနင်္သာရီဒေသကို မြန်မာ-အင်္ဂလိပ်ပါဠိအဘိဓာန်တွင် တနုသီရိ(Tanu Sri)ဟု ဖော်ပြထားသဖြင့် ထိုဒေသတွင် ထွန်းကားခဲ့သည့်ယဉ်ကျေးမှုတစ်ရပ်ကို တနသီရိယဉ်ကျေးမှုဟု မှတ်တမ်းတင်ထိုက်ကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာမစ္စတာတန်က ရေးသားခဲ့သည်။ ထိုင်းနိုင်ငံသားများက တနင်္သာရီဒေသကို ယခုတိုင် ထိုင်းအသံထွက်ဖြင့် ထနောင်သြီဟု ခေါ်ဝေါ်နေဆဲဖြစ်ပေသည်။

ရှေးပါဠိဘာသာစကားတွင် တနုသည် နေရာအသစ်တည်ခြင်းဟုအနက်ရှိ၍ သီရိသည် ကျက်သရေမင်္ဂလာဟုဆိုလိုသည်။ ထို့ကြောင့် တနုသီရိသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေရာသစ်ဟု အဓိပ္ပာယ်ရှိကာ ယဉ်ကျေးမှုဆိုင်ရာအထောက်အထားများအရ တနသီရိယဉ်ကျေးမှုသည် တနင်္သာရီဒေသတောင်ဘက်စွန်း၌ ခရစ်တော်မပေါ်မီ ၃ ရာစုမှ ခရစ်တော်ပေါ်ပြီး ၁၂ ရာစုထိ ထွန်းကားခဲ့ကြောင်း ယူဆခဲ့သည်။

ထို့ကြောင့် တနသီရိယဉ်ကျေးမှုအထောက်အထားများကိုရှာဖွေရန် ကော့သောင်းမြို့နယ်အတွင်းရှိ ခမောက်ကြီးမြို့၊ မလိဝမ်းနှင့် အော်ကြီးဒေသတို့တွင် တူးဖော်သုတေသနပြုလုပ်ခဲ့ကြသည်။ ခမောက်ကြီးသည် ကော့သောင်းမြို့မှ မိုင် ၃၀ ကွာဝေး၍ အော်ကြီးသည် ကော့သောင်းမြို့မှ မိုင် ၄၅၀ ကွာဝေးသည်။

အဆိုပါသုတေသနစီမံကိန်းကို ပြင်သစ်နိုင်ငံအမျိုးသားသိပ္ပံနည်းကျသုတေသနစင်တာ(French National Centre for Scientific Research)၊ မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၎င်းနေရာများတွင် ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် စမ်းသပ်တူးဖော်မှု သုံးကြိမ်ပြုလုပ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် တူးဖော်ခဲ့သည့် စမ်းသပ်ကျင်းအမှတ်(၆)မှရရှိခဲ့သော မီးသွေးစများကို သက်တမ်းတွက်ချက်ရာတွင် ဘီစီ ၃ ရာစုမှ အေဒီ ၁ ရာစုကြားဟု အဖြေထွက်ခဲ့သည်။

**သရုပ်ဖော်ပုံများပါရှိသည့် အိုးကွဲစများ**

တနသီရိယဉ်ကျေးမှုထွန်းကားခဲ့သည့် လက္ခဏာတစ်ရပ်အဖြစ် အထင်ရှားဆုံးတွေ့ရှိရသည့် အထောက်အထားများသည် ပုံသဏ္ဌာန်မျိုးစုံနှင့် ခြယ်သမွမ်းမံမှုမျိုးစုံပါရှိသည့် အိုးကွဲစများဖြစ်ကြသည်။

ယဉ်ကျေးမှုတစ်ရပ်ထွန်းကားခဲ့သည့် နေရာတိုင်းတွင် လူသားများသုံးစွဲခဲ့သည့်အိုးများကို တွေ့ရှိကြရမြဲဖြစ်သည်။ လူသားများ နေ့စဉ်ချက်ပြုတ်စားသောက်ရေးတွင် အသုံးပြုခဲ့ကြသည့် မြေအိုးများရရှိရန် ရွံ့စေးဖြင့် ပြုလုပ်၍ မီးဖုတ်ကြရာတွင် တည်နေရာပေါ်မူတည်ပြီး ရွံ့မြေအမျိုးအစားကွဲပြားသကဲ့သို့ ယဉ်ကျေးမှုပေါ်မူတည်ကာ အိုးခွက်ပန်းကန်များ၏လက်ရာများသည် တစ်နေရာနှင့်တစ်နေရာ တူညီမှုမရှိကြချေ။ ထို့အတူ မီးဖုတ်သည့်စနစ်သည်လည်း ကွဲပြားခြားနားမှုရှိမည်သာဖြစ်သည်။

ထို့ကြောင့် ကိုယ်ပိုင်ဟန်အမျိုးမျိုးရှိကြသည့် မြေထည်ပစ္စည်းများသည် ၎င်းတို့ကို သုံးစွဲခဲ့သည့် လူသားများ၏ ယဉ်ကျေးမှုအစိတ်အပိုင်းတစ်ခုကို ဖော်ညွှန်းလျက်ရှိနေပေသည်။

တနသီရိယဉ်ကျေးမှုထွန်းကားခဲ့သည်ဟု ယူဆရသည့်နေရာတွင် တွေ့ရှိရသည့်အိုးများသည် ပုံသဏ္ဌာန်၊ အရောင်နှင့် အထူအပါးမတူညီကြသည့်အပြင် ပြည်တွင်းထုတ်အိုးများနှင့် ပြည်ပတွင်ပြုလုပ်ခဲ့သည့်အိုးများ ရောနှောပါဝင်ခဲ့သည်။ ၎င်းအိုးများပေါ်တွင် အနုပညာလက်ရာများပုံဖော်ခဲ့မှုကို အိုးကွဲစများပေါ်တွင် တွေ့ရှိခဲ့ရသည်။ တနသီရိယဉ်ကျေးမှုလက်ရာများအဖြစ် ၎င်းတို့၏ဝန်းကျင်တွင် နေ့စဉ်တွေ့မြင်နေရသည့် ရုပ်ဝတ္ထုပစ္စည်းများကို အိုးများပေါ်၌ ပုံဖော်ခဲ့ရာ ထိုစဉ်က ရေကြောင်းပိုးလမ်းမတွင် သွားလာခဲ့သည့် ရွက်လှေများ၏ပုံမျိုးစုံကို အိုးကွဲစများပေါ်တွင် တွေ့ရှိရခြင်းပင်ဖြစ်သည်။ အိုးကွဲစတချို့ပေါ်တွင် ရွက်လှေမဟုတ်ဘဲ လှော်ခတ်သွားလာရသည့် ရိုးရိုးလှေပုံကိုလည်း မြင်ကြရသည်။

ရေလမ်းခရီးသာမက ကုန်းလမ်းခရီးကိုလည်း တွင်ကျယ်စွာအသုံးပြုခဲ့သည့် အထောက်အထားအဖြစ် မြင်းရထား(မြင်းလှည်း)ပုံကို ဖော်ထားသည့် အိုးကွဲများကို တွေ့ရှိခဲ့ရသည်။ မြင်းရုပ်ပါရှိသည့် အိုးကွဲစ၊ မြင်းစီးနေသည့်လူပုံပါရှိသည့် အိုးကွဲစ၊ မြင်းတစ်ကောင်တပ်လှည်း၊ မြင်းနှစ်ကောင်တပ်လှည်းနှင့် မြင်းလေးကောင်တပ်လှည်းတို့ကို အိုးကွဲစများပေါ်တွင် မြင်တွေ့ကြရပေသည်။

တနသီရိယဉ်ကျေးမှုအထောက်အထား အိုးကွဲစတစ်ခုပေါ်တွင် စုံတွဲပုံတစ်ခုပါရှိရာ ဘောလုံးပုံဦးဆောင်းကို ဆောင်းထားသည့် အမျိုးသားသည် ပါရှန်ဘုရင်ပုံဖြစ်၍ မျက်နှာချင်းဆိုင်ပုံသည် ပါရှန်ဘုရင်မပုံဖြစ်သည်။ ၎င်းစုံတွဲပုံသည် ပါရှန် သို့မဟုတ် စာစာနီယန်ဒင်္ဂါး(Ancient Persian or Sassanian Coin)တွင်ပါရှိသည့် ပါရှန်ဘုရင်နှင့် ဘုရင်မတို့၏ ဆင်ယင်ထုံးဖွဲ့ပုံနှင့် တူညီနေသည်။ ၎င်းအထောက်အထားမှာ တနသီရိသည် ထိုအချိန်တွင် ပါရှန်တို့နှင့် ဆက်ဆံကူးလူးမှုရှိခဲ့သည့်သာဓကဖြစ်သည်။ ၎င်းအိုးကွဲစမှာ တနသီရိယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာမှလူများပြုလုပ်ခဲ့ခြင်းထက် ကုန်သွယ်မှုမှပါရှိလာသည့်အိုးမှ ကျန်ရှိခဲ့သည့် အိုးကွဲစသာဖြစ်နိုင်ခြေများမည်ဖြစ်သည်။

ထို့အတူ အိုးကွဲစတစ်ခုတွင် ဆောင့်ကြောင့်ထိုင်ကာ လက်နှစ်ဖက်ကို ဒူးပေါ်တင်ထားသည့်ပုံကို တွေ့ရှိရသည်။ ၎င်းပုံ၏ဦးခေါင်းပေါ်တွင် ခေါင်းဆောင်းဟုယူဆရသည့် အရာတစ်ခုပါရှိကာ နတ်ဘုရားမယ်တော်ပုံဟု ယူဆရဖွယ်ရှိသည်။ ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာတန်၏ ယူဆချက်အရ ၎င်းအရုပ်သည် ယုံကြည်မှုတစ်ရပ်အဖြစ် ကိုးကွယ်သည့် အမိနတ်သမီး(Mother Goddess) ရုပ်ဟုဆိုသည်။ ထို့ကြောင့် တနသီရိအိုးကွဲစပေါ်မှ အမိနတ်သမီးရုပ်သည် နတ်ဘုရားမတစ်ပါးပါးကို ရည်ညွှန်းထားဟန်ဖြစ်သည်။

တနသီရိယဉ်ကျေးမှုဒေသမှ တွေ့ရှိခဲ့သည့် အိုးကွဲစများတွင် ကြီးမြတ်သူတစ်ဦးကို ရှိသေစွာကန်တော့နေပုံ၊ စာအရေးအသားပါရှိသည့် နတ်ဘုရားပုံ၊ မတ်တတ်ရပ်နေပြီး ဝတ်ရုံလွှားသည့် လူပုံနှင့် စာသားများ၊ ဦးဆောင်းကိုဆောင်းထားသည့် လူပုံ၊ ငါးမန်းများဝန်းရံနေသည့်လူပုံ၊ သစ်ရွက်များကိုခေါင်းဆောင်းထားသည့်လူပုံ စသည်ဖြင့် ထူးခြားသောမွမ်းမံခြယ်သမှုများပါရှိခဲ့သည်။

ထို့အတူ လူပုံများသာမက ပန်းဒီဇိုင်းပုံစံမျိုးစုံကို ပုံဖော်ထားသည့် အိုးကွဲစများ၊ ယုံကြည်မှုဆိုင်ရာ သင်္ကေတများပါရှိသည့် အိုးကွဲစများကိုလည်း တွေ့ရှိရပေသည်။ ယုံကြည်မှုသင်္ကေတအဖြစ် ဗောဓိညောင်ရွက်နှင့် စကြာပုံများပါရှိခဲ့သည်။

တနုသီရိယဉ်ကျေးမှု အထောက်အထားဆိုင်ရာ အိုးကွဲစဓာတ်ပုံများကို တနုသီရိယဉ်ကျေးမှု(ရေကြောင်းပိုးလမ်းမကြီးပေါ်မှ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု)စာအုပ်တွင် ရောင်စုံဓာတ်ပုံများဖြင့် အပြည့်အစုံဖော်ပြထားသည်။

မြန်မာ့သမိုင်းတွင် တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် တနသီရိယဉ်ကျေးမှုအစိတ်အပိုင်းတချို့ကို ရှာဖွေတူးဖော်တွေ့ရှိခဲ့ပြီးဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပပညာရှင်များက ဆက်လက်သုတေသနပြုခြင်းဖြင့် ခိုင်မာသည့် တနသီရိယဉ်ကျေးမှုအထောက်အထားများကို ဆက်လက်ဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- ကော့သောင်းမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)
- တနသီရိယဉ်ကျေးမှု(တန်)

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းက ဇူလိုင် ၁၅ ရက်မှစ၍ ရန်ကုန်-ကွာလာလမ်ပူ-ရန်ကုန်ခရီးစဉ်ကို ထပ်တိုးပျံသန်းပြေးဆွဲပေးမည်

**ရန်ကုန် ဇူလိုင် ၄**

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (Myanmar Airways International-MAI)က ဇူလိုင် ၁၅ ရက်မှစ၍ ရန်ကုန်-ကွာလာလမ်ပူ- ရန်ကုန်ခရီးစဉ်ကို ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏သတင်းများအရ သိရသည်။



အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)သည် လက်ရှိပျံသန်းပြေးဆွဲနေသည့် ပြည်ပခရီးစဉ်လေကြောင်းလိုင်းများကို ခရီးသွားများ ပိုမိုအဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် အချို့သောပြည်ပခရီးစဉ်များတွင် ထပ်တိုးပျံသန်းပြေးဆွဲမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေမှုများအရ မလေးရှားနိုင်ငံသို့ ပျံသန်းပြေးဆွဲပေးနေသည့် ရန်ကုန်-ကွာလာလမ်ပူ-ရန်ကုန်ခရီးစဉ်ကို ဇူလိုင် ၁၅ ရက်မှစ၍ ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)သည် အဆိုပါ ရန်ကုန်-ကွာလာလမ်ပူ-ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တို့တွင် ပျံသန်းပြေးဆွဲပေးနေရာမှ ဇူလိုင် ၁၅ ရက်ကစပြီး အပတ်စဉ်စနေနေ့တိုင်း ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်ကို ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်မြို့မှ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ထွက်ခွာကာ ကွာလာလမ်ပူသို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ထိုအတူ ကွာလာလမ်ပူမှ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခ နှုန်းထားများမှာ ရန်ကုန်-ကွာလာလမ်ပူ ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၇၉ ဒေါ်လာကျသင့်မည်ဖြစ်ပြီး ခရီးစဉ်အသွားအပြန်အတွက် အမေရိကန်ဒေါ်လာ ၁၄၉ ဒေါ်လာကျသင့်မည်ဖြစ်ကြောင်း သိရသည်။

MAI လေကြောင်းလိုင်းသည် ဇွန် ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ MAI ရုံးချုပ် International Business Center(IBC)၌ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Sunway ဆေးကုသရေးစင်တာနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်မှုသဘောတူလက်မှတ် ရေးထိုးခဲ့ကြောင်း၊ အဆိုပါသဘောတူညီမှုများအရ MAI လေကြောင်းလိုင်းဖြင့် မလေးရှားနိုင်ငံရှိ Sunway Medical's Wellness Center တွင် ကျန်းမာရေးစစ်ဆေးမှုအတွက် လေယာဉ်လက်မှတ် Package ဝယ်ယူမှုများအတွက် ၁၅ ရာခိုင်နှုန်းလျှော့ဈေးအပြင် သားဖွားမှုဖြစ်စဉ်နှင့် SMILE ခွဲစိတ်ကုသမှုဆိုင်ရာများအတွက်ပါ ထပ်တိုးလျှော့ဈေးများ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# မိုင်းယန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ဘလောက်ရိုက်နည်းသင်တန်းဖွင့်

**မိုင်းယန်း ဇူလိုင် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူ ပြုစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ဘလောက်ရိုက်နည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသက်လင်းထွန်းက သင်တန်းသားများအနေဖြင့် ယခုသင်တန်းက သင်ကြားပို့ချပေးမည့် အုတ်ဘလောက်ရိုက်နည်း သင်ခန်းစာများကို ကြိုးစားသင်ယူကြရန်နှင့် လက်တွေ့နယ်ပယ်တွင် အသုံးချပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအုတ်ဘလောက်ရိုက်နည်းသင်တန်းသို့ မိုင်းယန်းမြို့နယ်အတွင်းရှိ မိုင်းလွေကျေးရွာအုပ်စု ဝမ်အိုက်ကျေးရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင် အုတ်ဘလောက်ရိုက်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် ဇူလိုင် ၃ ရက်မှ ဇူလိုင် ၂၂ ရက်ထိ ရက် ၂၀ ကြာ အခမဲ့သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

## ကျန်းကျန်းမာမာ လန်းဖြာဖို့ ကြိုးစားလမ်းလျှောက်ကြပါစို့

- နံနက်ခါ လေပြည်ဖြူး
ကြည်နူးဖွယ် လင်းရောင်ဖြာ၊
ငှက်ကျေးသာ ညံမစဲ
နွဲ့ကြလူးလာ၊
လမ်းလျှောက်တဲ့ သူသူငါ
ထွက်ကြလာ ဖော်သဟာနဲ့၊
ကိုယ်လက်ကို လှုပ်ကာရှား
အားကစားပါကွဲ့။

- ညနေခါ ဆည်းဆာကျ
အားကစား လုပ်ကြပြန်၊
အသက်ရှည်ကာ အနာကင်း
ဆင်းလှစေရန်၊
အားကစားနဲ့ တည်ဆောက်ဖန်
ဘဝဟန်က ရိုးကာရှင်း၊
ခြေစက်တွေ လေအလွင့်မှာ
ပွင့်ကြဖြာဆင်း။

- ကျန်းမာကာ လန်းဖြာဖို့
လျှောက်ကြစို့ လမ်းကိုပါ၊
ဒီဇင်ဘာ ထိုခါသို့
စောင့်ဖို့မလိုပါ၊
နေ့စဉ်ပေါ့ လေ့ကျင့်ကာ
လျှောက်ပါလေ အားသွန်လို့၊
ကိုယ်ကျန်းမာ စိတ်ချမ်းမြေ့ဖို့
ရွှေ့ကာလှမ်းစို့။

- ကုန်ကျငွေ မလိုဘဲ
ကျင့်လည်း ကျင့်နိုင်တာ၊
လမ်းလျှောက်တာ ကျန်းမာအကျိုး
နိုးထစေကာ၊
လျှောက်ကြဖို့ ကြိုးကြပါ
ချိန်ခါရယ် နေရာမရွေး၊
ကိုယ်လျှောက်ရင် လျှောက်သလောက်
ကျိုးရောက်မယ်လေး။

- လမ်းလျှောက်တာ လာဘ်တစ်ပါး
မှတ်သားဖို့ ဆိုချင်တာ၊
ထိုအရာက ကျန်းမာရေး
စိတ်အေးဖွယ်ရာ၊
ကိုယ်စိုက်တဲ့ သီးပင်ဟာ
ကိုယ်စားရမှာ အမှန်မို့၊
ထွေကာလီရယ် စဉ်းစားမနေဘဲ
အဖြေရှာမည်ကွယ် အထင်းသားပေမို့
ကြိုးစားလျှောက်စို့။ ॥

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# နိုင်ငံတကာပြဿနာများအား ပူးပေါင်းရင်ဆိုင်ကြရန် အက်စ်စီအိုနိုင်ငံများကို အိန္ဒိယဝန်ကြီးချုပ် တိုက်တွန်း



**ဒေလီ ဇူလိုင် ၄**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး၊ စားနပ်ရိက္ခာနှင့် လောင်စာပြတ်လပ်မှုကဲ့သို့ နိုင်ငံတကာပြဿနာများကို ကိုင်တွယ်ရာတွင် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ယနေ့တွင် ပြောကြားခဲ့သည်။

ယနေ့တွင် ဗီဒီယိုကွန်ဖရင့်နည်းလမ်းဖြင့် ကျင်းပခဲ့သည့် အက်စ်စီအို ထိပ်သီးညီလာခံ၌ အိန္ဒိယဝန်ကြီးချုပ်က အက်စ်စီအိုအဖွဲ့ဝင်နိုင်ငံများကိုအဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကပ်ဘေး နောက်ဆက်တွဲပြဿနာများနှင့် စားနပ်ရိက္ခာ၊ လောင်စာနှင့်ဓာတ်မြေဩဇာရှားပါးပြတ်လပ်မှု ပြဿနာများသည် ကမ္ဘာ့နိုင်ငံအားလုံးရင်ဆိုင်နေရသည့် နိုင်ငံတကာပြဿနာများဖြစ်ကြကြောင်း အိန္ဒိယဝန်ကြီးချုပ်က သုံးသပ်ခဲ့သည်။

အက်စ်စီအို၏ ယနေ့ဗီဒီယိုကွန်ဖရင့်ထိပ်သီးညီလာခံ၌ ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့လည်း ပါဝင်ခဲ့ကြသည်။

အက်စ်စီအိုသည် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဗဟိုအာရှနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသော ယူရေးရှားဒေသတွင်း နိုင်ငံရေးနှင့် လုံခြုံရေးအဖွဲ့အစည်း ဖြစ်သည်။

အက်စ်စီအိုသည် လက်ရှိအချိန်တွင် အဖွဲ့၏ နိုင်ငံတကာဩဇာကို တိုးချဲ့ရန် ကြိုးစားနေပြီး ယနေ့ညီလာခံတွင်အီရန်နိုင်ငံကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင်လက်ခံခဲ့ကြောင်း သိရသည်။

KKO

# အစ္စရေးစစ်ဘက်ကပြုလုပ်သည့် အနောက်ဘက်ကမ်း စစ်ဆင်ရေးတွင် လူ ၁၀ ဦးသေဆုံး

**ဂျေရုဆလင် ဇူလိုင် ၄**

အနောက်ဘက်ကမ်း ဒေသ၌ အစ္စရေးစစ်ဘက်ကပြုလုပ်နေသော စစ်ဆင်ရေးသည်ယနေ့တွင် ဒုတိယမြောက်နေ့သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အနောက်ဘက်ကမ်းဒေသ ဂျီနင်းဒုက္ခသည်စခန်းနယ်မြေ၌ လက်ရှိပြုလုပ်နေသော အစ္စရေးစစ်ဘက်၏ အဆိုပါစစ်ဆင်ရေးသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း အစ္စရေးစစ်ဘက်အတွက် အကြီးမားဆုံး အနောက်ဘက်ကမ်းဒေသ စစ်ဆင်ရေး ဖြစ်သည်။

အစ္စရေးစစ်ဘက်၏ အဆိုပါစစ်ဆင်ရေးကြောင့် ဂျီနင်းဒုက္ခသည်စခန်းနယ်မြေမှမိသားစု ၅၀၀ သို့မဟုတ် လူပေါင်း ၃၀၀၀ ခန့်ကို ပါလက်စတိုင်း လခြမ်းနီအဖွဲ့က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အစ္စရေးစစ်ဘက်၏ အနောက်ဘက်ကမ်းဒေသ စစ်ဆင်ရေးအတွင်း အနည်းဆုံးပါလက်စတိုင်း ၁၀ ဦး သေဆုံးခဲ့ရပြီး ဦးရေ ၁၀၀ ဝန်းကျင် ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဂျီနင်းဒုက္ခသည် စခန်းနယ်မြေအတွင်းရှိ စစ်သွေးကြွအုပ်စုများ၏ အခြေခံ အဆောက်အအုံများနှင့် လက်နက်ခဲယမ်းများကို ဖျက်ဆီးရေးအတွက် အနောက်ဘက်ကမ်းဒေသစစ်ဆင်ရေးကို ဆင်နွှဲနေခြင်းဖြစ်သည်ဟု အစ္စရေးစစ်ဘက်က ပြောကြားထားကြောင်း သိရသည်။

အနောက်ဘက် ကမ်းဒေသစစ်ဆင်ရေး၏ ရည်မှန်းချက်များ ပြည့်မြောက် လုနီးပြီဖြစ်ကြောင်း အစ္စရေးအစိုးရတာဝန်ရှိသူများက ပြောကြားထားသော်လည်းမည်သည့်အချိန်တွင် စစ်ဆင်ရေးပြီးဆုံးမည်ကို အတိအကျထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

KKO

# ရုရှားနိုင်ငံ၏ အက်မိုင်ရယ်ကုဇနက်ဆော့ဗ်လေယာဉ်တင်သင်္ဘော ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် စစ်ရေးတာဝန်ပြန်လည်ရယူဖွယ်ရှိ

**မော်စကို ဇူလိုင် ၄**

ရုရှားရေတပ်၏ တစ်စီးတည်းသော လေယာဉ်တင် သင်္ဘောဖြစ်သည့် အက်မိုင်ရယ်ကုဇနက်ဆော့ဗ် လေယာဉ်တင်သင်္ဘောသည် ယခုနှစ်ကုန်ပိုင်းတွင် စစ်ရေးတာဝန်များ ပြန်လည်ရယူနိုင်ဖွယ် ရှိကြောင်း ရုရှားမီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် အက်မိုင်ရယ်ကုဇနက်ဆော့ဗ် လေယာဉ်တင်သင်္ဘောကိုလက်နက်စနစ်သစ်များ၊ ထပ်မံဖြည့်ဆည်းတပ်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ထိန်းညှိ ရေးဆွဲထားသောအစီအစဉ်အရ အက်မိုင်ရယ်ကုဇနက်ဆော့ဗ် လေယာဉ်တင်သင်္ဘောသည် ၂၀၂၄ ခုနှစ် နွေဦးရာသီတွင် ပင်လယ်ပြင် စမ်းသပ်မှုများပြုလုပ်ရနိုင်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပင်လယ်ပြင် စမ်းသပ်မှုများ ချောမွေ့စွာပြီးဆုံးခဲ့ပါက ယင်းလေယာဉ်တင်သင်္ဘောကို ရုရှားရေတပ်သို့ ပြန်လည်လွှဲအပ်နိုင်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားထားသည်။



အက်မိုင်ရယ် ကုဇနက်ဆော့ဗ် လေယာဉ်တင် သင်္ဘောသည် ဆိုဗီယက် ပြည်ထောင်စုခေတ်ကာလ ၁၉၈၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော လေယာဉ်တင်သင်္ဘောဖြစ်သည်။

အဆိုပါလေယာဉ်တင်သင်္ဘောသည် ပြီးခဲ့သည့်နှစ်များအတွင်း ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နေစဉ် မတော်တဆမှုများနှင့် ရင်ဆိုင်ခဲ့ရမှုကြောင့် ပြင်ဆင်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# အမေရိကန်နိုင်ငံ ဖီလာဒယ်ဖီးယားမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား လူလေးဦး သေဆုံး

**ဖီလာဒယ်ဖီးယား ဇူလိုင် ၄**

အမေရိကန်နိုင်ငံ ဖီလာဒယ်ဖီးယားမြို့၌ ဇူလိုင် ၃ ရက် ညပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပစ်ခတ်မှု ကျူးလွန်သူအဖြစ် ယူဆရသော အသက် ၄၀ အရွယ် အမျိုးသားကို ဖီလာဒယ်ဖီးယား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ပစ်ခတ်မှု ကျူးလွန်သူအဖြစ် ယူဆရသော အဆိုပါအမျိုးသားသည် ပစ်ခတ်မှုအတွင်း သေဆုံးခဲ့သူများနှင့် တစ်စုံတစ်ရာပတ်သက်မှု ရှိပုံမရကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဇူလိုင် ၃ ရက် ပစ်ခတ်မှုတွင် ပါဝင်ပတ်သက်နေမှုဖြင့် အခြားအမျိုးသား တစ်ဦးကိုလည်း ဖီလာဒယ်ဖီးယား ရဲတပ်ဖွဲ့က ထိန်းသိမ်းထားသည်။

အဆိုပါ အမျိုးသားသည် ပစ်ခတ်မှုကျူးလွန်သူနှင့်ပတ်သက်မှုရှိ၊ မရှိ မသိရသော်လည်းပစ်ခတ်မှုကျူးလွန်နေသူကို ပြန်လည်ပစ်ခတ်ခဲ့သူတစ်ဦးအဖြစ် ရဲတပ်ဖွဲ့က ယူဆထားသည်။

မေရီလန်းပြည်နယ် ဘာလ်တီးမိုးမြို့၌ ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံး၍ ၂၈ ဦး ဒဏ်ရာများရရှိခဲ့ပြီး တစ်ရက်အကြာတွင် ဖီလာဒယ်ဖီးယားမြို့ သေနတ်ပစ်ခတ်မှု ထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

KKO



# ဖူကူရှီးမားနျူကလီးယားစက်ရုံရေများ ပင်လယ်ထဲစွန့်ပစ်ရန် အိုင်အေအီးအေသဘောတူညီချက် ဂျပန်နိုင်ငံရရှိ

**တိုကျို ဇူလိုင် ၄**

ဖူကူရှီးမား နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပြန်လည်သန့်စင်ထားသော ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်သင့်ရေများအား ပင်လယ်ရေပြင်အတွင်း စွန့်ပစ်နိုင်ရေးအတွက် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ သဘောတူညီချက်ကို ဂျပန်နိုင်ငံက ယနေ့တွင်ရရှိထားကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြန်လည် သန့်စင်ထားသော ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်သင့်ရေများ ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း စွန့်ပစ်မည့် အစီအစဉ်ကို ဂျပန်နိုင်ငံ၏ အိမ်နီးချင်းဖြစ်သည့်တရုတ်နိုင်ငံနှင့် ဖူကူရှီးမားစီရင်စုရှိ ဂျပန်နယ်ခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ထားသည်။

သို့သော် ဖူကူရှီးမားရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်သင့်ရေများအား ပြန်လည်သန့်စင်၍ ပင်လယ်ရေပြင်အတွင်း စွန့်ပစ်မည့်ဂျပန်နိုင်ငံ၏ အစီအစဉ်သည် နိုင်ငံတကာဘေးကင်းလုံခြုံမှုစံနှုန်းများနှင့်ကိုက်ညီကြောင်း အိုင်အေအီးအေအစီရင်ခံစာ၌ သုံးသပ်ထားသည်။

ထို့ပြင် ဂျပန်နိုင်ငံ၏ အဆိုပါအစီအစဉ်ကြောင့် လူနှင့် ပတ်ဝန်းကျင်အပေါ် မပြောပလောက်သည့် ဓာတ်ရောင်ခြည်အကျိုးသက်ရောက်မှုမျိုးသာရှိနိုင်သည်ဟု အိုင်အေအီးအေက ကောက်ချက်ချထားကြောင်း သိရသည်။


၂၀၁၁ ခုနှစ် မြေငလျင်နှင့် ဆူနာမီကပ်ဘေးကြောင့် ဖူကူရှီးမားနျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့ရာ နျူကလီးယား လောင်စာတောင့်များကို အအေးဓာတ်ပေးထားရေးအတွက် အိုလံပစ်ရေကူးကန် ၅၀၀ စာရေပမာဏနှင့်ညီမျှသည့် ရေများကို ဂျပန်နိုင်ငံက အသုံးပြုခဲ့ရသည်။

လက်ရှိအချိန်တွင် ပြန်လည်သန့်စင်ထားသည့် အဆိုပါရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်ရေများ စွန့်ပစ်မည့်အချိန်ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းအနီးရှိ ကြယ်ဖွဲ့တိမ်တိုက်နယ်မြေတစ်ခုအတွင်း အမိုင်နိုအက်စစ်တစ်မျိုးကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ




**မက်ဒရစ် ဇူလိုင် ၄**

နေအဖွဲ့အစည်းအနီးရှိ ကြယ်ဖွဲ့တိမ်တိုက်နယ်မြေတစ်ခုအတွင်း Tryptophan ခေါ် အမိုင်နိုအက်စစ်တစ်မျိုးကို နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Tryptophan အမိုင်နိုအက်စစ်သည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သော အဓိကပရိုတင်းများပေါ်ထွက်လာရေးအတွက် အရေးကြီးသည့်အမိုင်နိုအက်စစ်အမျိုး ၂၀ ထဲတွင် ပါဝင်ကြောင်း သိရသည်။

Tryptophan အမိုင်နိုအက်စစ်များကို နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၁၀၀၀ အကွာတွင်ရှိသော IC348 အမည်ရှိ ကြယ်ဖွဲ့တိမ်တိုက်နယ်မြေအတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

IC348 ကြယ်ဖွဲ့တိမ်တိုက်နယ်မြေအတွင်းရှိ Tryptophan အမိုင်နိုအက်စစ်များကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော စပစ်ဆာအာကာသ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

IC348 ကြယ်ဖွဲ့တိမ်တိုက်သည် နေအစင်း ၁၀၀၀၀ ၏ ဒြပ်ထုနှင့်ညီမျှသော ဓာတ်ငွေ့နှင့် အာကာသဖုန်မှုန့်များ စုစည်းတည်ရှိနေသည့် အာကာသနယ်မြေဖြစ်ကြောင်း သိရသည်။

အဆိုပါကြယ်ဖွဲ့တိမ်တိုက်နယ်မြေသည် ကမ္ဘာမြေနှင့်အနီးဆုံး ကြယ်ဖွဲ့တိမ်တိုက်နယ်မြေများ၌ ပါဝင်ကြောင်း သိရသည်။

KKO

## အာရီယာနီ-၅ ဒုံးပျံ၏ နောက်ဆုံးမစ်ရှင်အတွက် ဥရောပအာကာသအေဂျင်စီက ပြင်သစ်ဂီယာနာအာကာသစခန်း၌ ပြင်ဆင်မှုများပြုလုပ်နေ

**ပဲရစ် ဇူလိုင် ၄**

အာရီယာနီ-၅ ဒုံးပျံ၏နောက်ဆုံးမစ်ရှင်အတွက် ဥရောပအာကာသအေဂျင်စီက ပြင်သစ်ဂီယာနာအာကာသစခန်း၌ ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံကို ပစ်စင်သို့ပို့ဆောင်နေရာချထားပြီးဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် အဆိုပါဒုံးပျံကို ဇွန် ၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

နောက်ဆုံးမစ်ရှင်အတွင်း အာရီယာနီ-၅ ဒုံးပျံသည် ပြင်သစ်စစ်ဘက်ဂြိုဟ်တုတစ်စင်းနှင့် ဂျာမနီနည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းတို့ကို ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။



ဇူလိုင် ၅ ရက် မစ်ရှင်သည် ၁၉၉၆ ခုနှစ်တွင် ဥရောပအာကာသအေဂျင်စီက စတင်အသုံးပြုခဲ့သည့် အာရီယာနီ-၅ ဒုံးပျံများ၏ ၁၁၇ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံများကို အနားပေး၍ အာရီယာနီ-၆ ဒုံးပျံသစ်များဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း သိရသည်။

KKO

## ပုံမှန်အောက်ကမ္ဘာ့ဒြပ်ဆွဲအားနည်းပါးသည့်နေရာတစ်ခုကို အိန္ဒိယသမုဒ္ဒရာ ရေအောက်ကြမ်းပြင်၌ သိပ္ပံပညာရှင်များ တွေ့ရှိထား

**နယူးဒေလီ ဇူလိုင် ၄**

ပုံမှန်အောက် ကမ္ဘာ့ဒြပ်ဆွဲအားနည်းပါးသည့် နေရာတစ်ခုကို အိန္ဒိယသမုဒ္ဒရာ ရေအောက်ကြမ်းပြင်၌ သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း Science Alert သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အခြားကမ္ဘာ့နေရာများအောက် ဒြပ်ဆွဲအားနည်းပါးသော အဆိုပါနယ်မြေသည် အဝန်းအဝိုင်းအားဖြင့် စတုရန်းကီလိုမီတာ သုံးသန်းထိရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါဒြပ်ဆွဲအားနိမ့်နယ်မြေသည် လွန်ခဲ့သောနှစ်ပေါင်းသန်း ၃၀ ခန့်က ရှေးဟောင်းသမုဒ္ဒရာတစ်စင်း အာဖရိကတိုက်အောက်သို့ နစ်ဝင်ခဲ့မှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ယူဆထားသည်။

ကမ္ဘာမြေကြီးမှာပြီးပြည့်စုံသော စက်လုံးဝန်းပုံစံ မဟုတ်ခြင်းကြောင့် ကမ္ဘာ့အပြင်လွှာ၊ အတွင်းကျောက်လွှာနှင့် အတွင်းဝတ်ဆံလုံးတို့၏ဒြပ်ထုအပေါ်မူတည်၍ ဒြပ်ဆွဲအားသက်ရောက်မှုမှာ တစ်နေရာနှင့်တစ်နေရာ တူညီမှုမရှိကြောင်း သိရသည်။

အိန္ဒိယသိပ္ပံပညာရှင်များသည် သင်္ဘောဖြင့် စူးစမ်းလေ့လာမှုများ၊ ဂြိုဟ်တုဖြင့် စူးစမ်းလေ့လာမှုများမှ ရရှိသော အချက်အလက်များကို အသုံးပြု၍ အိန္ဒိယသမုဒ္ဒရာကြမ်းပြင်ရှိ ဒြပ်ဆွဲအားနိမ့်နယ်မြေကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း သန်း ၁၂၀ ခန့်က အိန္ဒိယနှင့်အာဖရိကတို့သည် ဂွန်ဒွါနာ ခေါ် မဟာပထဝီတိုက်ကြီးတစ်ခု၏ အစိတ်အပိုင်းဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် မြောက်ဘက်သို့ အိန္ဒိယတိုက်ငယ်ရွေ့လျားခဲ့ပြီးနောက် အိန္ဒိယသမုဒ္ဒရာပေါ်ထွက်လာရခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## မျိုးဗီဇတစ်မျိုးကြောင့် MS လူနာတချို့၌ ရောဂါအရှိန်တိုးလာမှု မြန်ဆန်လာတတ်

**နယူးယောက် ဇူလိုင် ၄**

မျိုးဗီဇတစ်မျိုးကြောင့် ဗဟိုအာရုံကြောစနစ် ပျက်စီးမှုရောဂါ (MS)လူနာတချို့တွင် ရောဂါအရှိန်တိုးလာမှု မြန်ဆန်လာတတ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် MS လူနာဦးရေ ၂၂၀၀၀ ကျော်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ ဖောက်ပြန်နေသည့် မျိုးဗီဇတစ်မျိုးပိုင်ဆိုင်ထားသော MS ရောဂါလူနာများသည် အထက်ပါမျိုးဗီဇမျိုးမရှိသူ MS လူနာများထက် ရောဂါအရှိန်တိုးလာမှု ပိုမိုမြန်ဆန်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဆိုပါမျိုးဗီဇကို မိဘနှစ်ပါးထံမှ အမွေခံရထားသူ MS လူနာများသည် ၎င်းမျိုးဗီဇမရှိသူ လူနာများထက် ပျမ်းမျှအားဖြင့် လေးနှစ်ခန့်မျှ ပိုစော၍ လမ်းလျှောက်ရာတွင် အကူအညီရယူတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

MS ရောဂါသည် ခုခံအားစနစ်ဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သော အာရုံကြောဆဲလ်ဖောက်ပြန်မှုရောဂါဖြစ်ကြောင်း၊ MS ရောဂါဖြစ်ပွားပါက မောပန်းနွမ်းနယ်မှုပြဿနာ၊ အမြင်အာရုံပြဿနာ၊ ကြွက်သားအားနည်းမှု၊ ဟန်ချက်ထိန်းရန်ခက်ခဲမှု စသည့်ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။ KKO

## ဟင်းသီးဟင်းရွက်အဓိကစားသုံးမှုကြောင့် အမျိုးသမီး ၁၀ ဦးလျှင် လေးဦးမှာ သံဓာတ်ချို့တဲ့လာ

**နယူးယောက် ဇူလိုင် ၄**

ဟင်းသီးဟင်းရွက် အဓိကထားစားသုံးမှု အလေ့အထအားကောင်းလာမှုကြောင့် အမျိုးသမီး ၁၀ ဦးလျှင် လေးဦးမှာ သံဓာတ်ချို့တဲ့မှုပြဿနာများရှိလာကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အသက် ၁၂ နှစ်နှင့် ၂၁ နှစ်ကြား မိန်းကလေးနှင့် အမျိုးသမီး ၃၉ ရာခိုင်နှုန်းမှာ သံဓာတ်ချို့တဲ့နေသည်ကို တွေ့ရကြောင်း သိရသည်။

သံဓာတ်ချို့တဲ့ပါက အလွန်အမင်း မောပန်းနွမ်းနယ်မှု၊ ခေါင်းကိုက်မှုနှင့် အားနည်းမှုများ ခံစားရတတ်သည်။

ထို့ပြင် သံဓာတ်ချို့တဲ့သူ အမျိုးသမီးများအနက် ခြောက်ရာခိုင်နှုန်းမှာ သွေးအတွင်း အောက်ဆီဂျင်မလုံလောက်မှုကြောင့် သွေးအားနည်းရောဂါ ဖြစ်ပွားနေရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမျိုးသမီးများကြား သံဓာတ်ချို့တဲ့မှုပြဿနာ အဖြစ်များလာမှုသည် အနီရောင်အသား လျှော့၍ ဟင်းသီးဟင်းရွက် အဓိကစားသုံးမှုအလေ့အထနှင့် သက်ဆိုင်နေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်သုတေသန ပညာရှင်များသည် အသက် ၁၂ နှစ်နှင့် ၂၁ နှစ်ကြား မိန်းကလေးနှင့် အမျိုးသမီးဦးရေ ၃၄၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO



# အယ်နာဆာအသင်းနှင့် NIKE ကုမ္ပဏီတို့ ဂျာစီစပွန်ဆာစာချုပ်ချုပ်ဆို

**ရိုယာဒ် ဇူလိုင် ၄**

ကမ္ဘာ့ထိပ်တန်း အားကစားပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သည့် NIKEနှင့် ဆော်ဒီထိပ်တန်း ကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်နာဆာအသင်းတို့ ဂျာစီစပွန်ဆာစာချုပ် ချုပ်ဆိုခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

NIKE ကုမ္ပဏီသည် လက်ရှိ အယ်နာဆာအသင်းတွင် ကစားနေသည့် စီရော်နယ်ဒိုကိုလည်း စပွန်ဆာစာချုပ် ချုပ်ဆိုထားပြီး ယခုအခါတွင် ၎င်းကစားနေသည့် အယ်နာဆာအသင်းကိုပါ ဂျာစီစပွန်ဆာစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အယ်နာဆာအသင်းက ၎င်းအနေဖြင့် NIKE ကုမ္ပဏီနှင့် ဂျာစီစပွန်ဆာစာချုပ် တစ်နှစ်ချုပ်ဆိုခဲ့ပြီး လာမည့်ဘောလုံးရာသီတွင် အသင်းဂျာစီများကို NIKE ကုမ္ပဏီက ထုတ်လုပ်ပေးသွားမည်ဟုအတည်ပြုကြေညာခဲ့သည်။




NIKE သည် အယ်နာဆာအသင်းကို ယခင်ကလည်း ဂျာစီစပွန်ဆာများ ပေးအပ်ခဲ့ဖူးပြီး ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်ထိ တစ်ကြိမ်စပွန်ဆာစာချုပ် ချုပ်ဆိုခဲ့ပြီး ယခုအခါ တစ်ရာသီ ဂျာစီစပွန်ဆာစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အစောပိုင်းက ဆော်ဒီထိပ်တန်းလိဂ်မှ ကလပ်အသင်းများအနေဖြင့် ပရိသတ် စိတ်ဝင်စားမှုမရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက စီရော်နယ်ဒိုက မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ကာ အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ်အနေဖြင့် ပရိသတ်စိတ်ဝင်စားမှုများ မြင့်တက်လာခဲ့ပြီး ယခုအခါ ဥရောပထိပ်တန်း ကစားသမားများလည်း ပြောင်းရွှေ့လာခဲ့သည့်အတွက် အားကစားပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီကြီးများကလည်း ဆော်ဒီထိပ်တန်းလိဂ်မှ ကလပ်အသင်းများကို ဂျာစီစပွန်ဆာများပေးအပ်ရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဒီကလန်ရိုက်အပြောင်းအရွှေ့အတွက် အာဆင်နယ်နှင့် ဝက်စ်ဟမ်းအသင်းတို့ ပြောင်းရွှေ့ကြေးသဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၄**

ဒီကလန်ရိုက် အပြောင်းအရွှေ့အတွက် အာဆင်နယ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကြား ပြောင်းရွှေ့ကြေးပေးချေမှုစနစ်ကို ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ယခုအခါ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည့်အတွက် ယခုရက်ပိုင်းအတွင်း အာဆင်နယ်အသင်းက အပြောင်းအရွှေ့ကို တရားဝင်ကြေညာမည်ဖြစ်ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် ဒီကလန်ရိုက်ကို အစောပိုင်းကတည်းကခေါ်ယူရန် အကြိမ်ကြိမ်ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး ဒီကလန်ရိုက်နှင့် သဘောတူညီမှု ရရှိခဲ့ပြီးနောက် အာဆင်နယ်အသင်းထံ ပထမအကြိမ်အဖြစ် စတာလင်ပေါင်သန်း ၆၀၊ ဒုတိယအကြိမ်အဖြစ်စတာလင်ပေါင်သန်း ၉၀ တို့ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက ပယ်ချခဲ့သည်။

အာဆင်နယ်အသင်းက တတိယအကြိမ်အဖြစ် စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်သည့် စတာလင်ပေါင်သန်း ၁၀၀ အပြင် အပိုဆုကြေး စတာလင်ပေါင် ငါးသန်းဖြင့် ကမ်းလှမ်းခဲ့ရာ ဝက်စ်ဟမ်းအသင်းနှင့်သဘောတူညီမှုရရှိခဲ့သော်လည်း ပြောင်းရွှေ့ကြေး ပေးချေမှုစနစ်ကြောင့် တရားဝင်ကြေညာနိုင်ခြင်းမရှိသေးဘဲ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ရသည်။

အစောပိုင်းက အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေးကို ငါးနှစ်အတွင်း အရစ်ကျစနစ်ဖြင့် ပေးချေလိုနေသော်လည်း ဝက်စ်ဟမ်းအသင်းက နှစ်နှစ်အတွင်း အပြီးသတ်ပေးရန် အလိုရှိနေသည့်အတွက် နောက်ဆုံးအဆင့်ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ယခုအခါဝက်စ်ဟမ်းအသင်းက ဒီကလန်ရိုက်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၅ သန်းကို သုံးနှစ်အတွင်းပေးချေရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ခရစ်အူဘန့်နှင့် လီအန်စမစ်တို့ မကျေပွဲထိုးသတ်ရန် ဆွေးနွေးနေကြောင်း လီအန်စမစ်၏ Promoter ဘင်ရှာလွမ် ပြောကြား




**လန်ဒန် ဇူလိုင် ၄**

လိုက်မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲစဉ်တစ်ပွဲအဖြစ် WBO Inter-Continental လိုက်မစ်ဒယ်ဝိတ်တန်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမားလီအန်စမစ်နှင့် WBO စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံဟောင်းဖြစ်သူ အင်္ဂလန်လက်ဝှေ့သမား ခရစ်အူဘန့်တို့သည် ဇူလိုင် ၁ ရက်တွင် မကျေပွဲစဉ်ထိုးသတ်သွားရန် ပွဲစဉ်ထားသော်လည်း လီအန်စမစ်၏ ဒဏ်ရာပြဿနာကြောင့်စိန်ခေါ်ပွဲများဖျက်သိမ်းခဲ့ရသည်။

ပထမတစ်ကြိမ် စိန်ခေါ်ပွဲစဉ်အဖြစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ရှိ O2 Arena ကွင်းကြီးတွင် ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ခရစ်အူဘန့်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ စာချုပ်အရ မကျေပွဲစဉ် ထိုးသတ်ခွင့်ပြုရမည့် အချက် ပါဝင်နေသည့်အတွက် မကျေပွဲစဉ်အတွက် ဇူလိုင် ၁ ရက်တွင် ထိုးသတ်ရန် စီစဉ်ခဲ့သည်။

စိန်ခေါ်ပွဲ ဖျက်ခဲ့ရပြီးနောက် ဘင်ရှာလွမ်က လီအန်စမစ်အတွက် ခရစ်အူဘန့်ဖြင့် မကျေပွဲထိုးသတ်ခွင့်ရအောင် စီစဉ်ပေးမည်ဖြစ်သလို ၎င်း၏ လက်ဝှေ့သမားဖြစ်သူ လီအန်စမစ်ကလည်း မကျေပွဲစဉ် ထိုးသတ်သွားရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်ဟု Boxing News 247 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီအန်စမစ်၏ Promoter ဖြစ်သူ ဘင်ရှာလွမ်က "လီအန်ရဲ့ ဒဏ်ရာ အခြေအနေကြောင့်သာ မကျေပွဲစဉ်ကိုဖျက်သိမ်းဖို့ ဆုံးဖြတ်ခဲ့ရတာပါ။ အခုဆိုရင် လီအန်ရဲ့ ဒဏ်ရာအခြေအနေကလဲ တိုးတက်လာပါပြီ။ ဒဏ်ရာရာနှုန်းပြည့် သက်သာသွားပြီဆိုတာနဲ့ မကျေပွဲစဉ်ကို ချက်ချင်းစီစဉ်ပေးပါမယ်။ ခရစ်အူဘန့်နဲ့ ဆွေးနွေးမှုတွေ ထပ်မံပြုလုပ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် မကျေပွဲစဉ်ကို ဘယ်အချိန်မှာ ထိုးသတ်ဖြစ်မလဲဆိုတာတော့ မပြောနိုင်သေးပါဘူး။ ကျွန်တော့်အထင်တော့ လာမယ့် ရက်သတ္တပတ်အတွင်းမှာ မကျေပွဲစဉ်ထိုးသတ်သွားမယ့်ရက်ကို ထုတ်ပြန်ကြေညာနိုင်မယ်လို့ထင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ရာမို့စ်ကိုခေါ်ယူမည်မဟုတ်ဟု ဆီဗီလာအသင်း ဒုတိယဥက္ကဋ္ဌ ကာရက်စ်ပြောကြား

**မက်ဒရစ် ဇူလိုင် ၄**

ဆီဗီလာအသင်း ဒုတိယဥက္ကဋ္ဌ ကာရက်စ်ကအသင်းမှ ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ရာမို့စ်နှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေမှုကို ငြင်းဆန်ခဲ့ပြီး ပြန်လည်ခေါ်ယူသွားမည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း Onefoot-ball သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ရာမို့စ်သည် ဆီဗီလာအသင်းအကယ်ဒမီမှထွက်ပေါ်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၄ ခုနှစ်က ဆီဗီလာအသင်းနှင့် စတင်ခဲ့ပြီးနောက် အသင်းတွင် နှစ်နှစ်သာကစားခဲ့ကာ ၂၀၀၅ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ရာမို့စ်သည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ၁၆ နှစ်ကြာ ကစားခဲ့ပြီး ဆုဖလားများစွာ ရယူနိုင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်က အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ပြောင်းရွှေ့ကစားခဲ့ကာ လက်ရှိတွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဆီဗီလာအသင်းအနေဖြင့် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကစားသမားဟောင်း ရာမို့စ်ကို ပြန်လည်ခေါ်ယူရန်နီးစပ်နေပြီဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ယခုအခါ အသင်း ဒုတိယဥက္ကဋ္ဌ ကာရက်စ်က ငြင်းဆန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA



# ဝင်ဘယ်ဒန်ပြိုင်ပွဲပထမအဆင့်တွင် အမေရိကန်တင်းနစ်မယ် ကိုကိုးဂေါ့ဖ် ရှုံးနိမ့်

**လန်ဒန် ဇူလိုင် ၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်နာမည်ကြီးတင်းနစ်မယ် ကိုကိုးဂေါ့ဖ်သည် တစ်နိုင်ငံတည်းသား တစ်ဦးပင်ဖြစ်သည့် ဆိုနီယာကီနင်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုးဂေါ့ဖ်က (၄-၆၊ ၆-၄၊ ၂-၆) ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာသွားခဲ့ရပြီဖြစ်ကြောင်း Belfast Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုကိုးဂေါ့ဖ်သည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၇) အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ချန်ပီယံကို စိန်ခေါ်နိုင်သည့် ကစားသမားစာရင်းတွင် ပါဝင်နေသည်။

ဆိုဖီယာကီနင်သည် ၂၀၂၀ ခုနှစ်တွင် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံးသော ဂရန်းစလန်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံ၏ အနာဂတ်ကြယ်ပွင့်နှစ်ဦး ထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်ဖြစ်သောကြောင့် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာလည်း ၂ နာရီ ၃ မိနစ်ထိ ကြာမြင့်ခဲ့သည်။

ကိုကိုးဂေါ့ဖ်က "ကျွန်မအနေနဲ့ အကောင်းဆုံး ကြိုးစားကစားခဲ့ပေမဲ့လဲ ဆိုဖီယာအပေါ်မှာဖိအား ကောင်းကောင်း မပေးနိုင်ခဲ့ဘူးလို့ ထင်တယ်။ ဖိအားပေးမခံရတဲ့အတွက် သူ့အနေနဲ့ ကျွန်မကိုသက်တောင့်သက်သာနဲ့ပဲ အသားစီးရလာခဲ့တယ်။ ကျွန်မအနေနဲ့ ဒီနေ့ပွဲစဉ်မှာ ဒီထက်ပိုပြီးတော့ ကြံ့ခိုင်မှုကို အသားပေးပြီး တိုက်စစ်ဆင်သင့်တယ်။ ဖိအားမပေးနိုင်တဲ့အတွက် ဆိုဖီယာရဲ့ ရိုက်ချက်တွေကိုပဲ ခံစစ်သဘောနဲ့ တုံ့ပြန်နေရတယ်။ ကျွန်မသာ သူ့ကိုဖိအားပေးနိုင်ခဲ့မယ်ဆိုရင် သူ့အနေနဲ့ ဖိအားဝင်ပြီး အလောတကြီးရိုက်တာမျိုးတွေ ဖြစ်လာနိုင်တယ်။ အထူးသဖြင့် လက်ပြန်ရိုက်ချက်အပိုင်းမှာ သူ့အနေနဲ့ အမှားတွေရှိလာနိုင်တယ်။ ဒါပေမဲ့လဲ ကျွန်မဘက်ကဘာဖိအားမှမပေးနိုင်တဲ့အတွက်ကြောင့် ခံစစ်သဘောနဲ့ပဲ ကစားနိုင်ခဲ့တာကို အင်မတန်မှ စိတ်ပျက်မိတယ်" ဟု ပြောကြားခဲ့သည်။ AZL

# ရာဇဝတ်မှုတွင် အခြားအရပ်ဒေသမှဖြစ်ပွားသည့်အမှုကို စစ်ဆေးနိုင်ခြင်း

**စိန်လှိုင်ဝိုင်း**

**အမှုစစ်ဆေးသည့်ရုံးသည် မိမိဒေသအတွင်း ဖြစ်ပွားခြင်းမရှိသည့်အမှုကို စစ်ဆေးရာ၌ တရားဥပဒေ တိမ်းစောင်းခြင်းမရှိလျှင် စစ်ဆေးမှုပျက်ပြယ်ခြင်းမရှိကြောင်း၊ မိုဟာမက်အေရက်မူလာနှင့်နိုင်ငံတော်အမှု ရန်ကုန်စီရင်ထုံး အတွဲ-၇ စာ-၃၇၀ တွင် ထုံးဖွဲ့ထားသည်ကို တရားရုံးချုပ်က ရည်ညွှန်းခဲ့သည်။**

တရားမမှုများတွင် အမှုဖြစ်အကြောင်းခြင်းရာ အရပ်ဒေသအပေါ် အခြေပြု၍ တရားစွဲဆိုရသည်များ ရှိသည်။ ရာဇဝတ်မှုတစ်ခုတွင် တရားရုံးစစ်ဆေးစီရင်သည့် နယ်ပယ်အရပ်ဒေသတွင် ဖြစ်ပွားခြင်းမရှိသည့် အမှုကိုစစ်ဆေးခြင်းနှင့်ပတ်သက်၍ ပျက်ပြယ်မှုမရှိကြောင်း စီရင်ထုံးဖွဲ့သည့်အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

အမရပူရမြို့နယ် တောင်တိုင်းကျေးရွာတွင်နေသူ ဦးမောင်တင်သည် မငွေနှင့် လွန်ခဲ့သော ရှစ်နှစ်ခန့်က လက်ထပ်ပေါင်းသင်းကြရာ သားသမီးနှစ်ဦး မွေးဖွားခဲ့သည်။ သရက်ခြံကို ရာသီအလိုက် ပုတ်ပြတ်ဝယ်ယူရောင်းချသောလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဦးမောင်တင်သည် စဉ့်ကိုင်မြို့နယ် တအုံကျေးရွာရှိ ဦးပြေအေး-ဒေါ်ခင်ညွန့်တို့၏သရက်ခြံကို ဝယ်ယူခဲ့သဖြင့် အမရပူရမြို့နယ် တောင်တိုင်းရွာမှ စဉ့်ကိုင်မြို့နယ် တအုံရွာ သရက်ခြံတဲသို့ မိသားစုလိုက်ပြောင်းရွှေ့နေထိုင်ကြသည်။


၁၃၆၁ ခုနှစ် ဝါဆိုလဆန်း ၄ ရက် ည ၇ နာရီတွင် ဦးမောင်တင်၏ဇနီး မငွေသည် တအုံရွာအရှေ့ဘက်ရှိ ဦးစိန်ဝင်းတို့ခြံသို့ ကြက်များသိမ်းရန်သွားမည်ဟု ပြောဆိုပြီး တဲမှထွက်သွားခဲ့သည်။ ခဏအကြာတွင် မငွေပြန်မလာ၍ ခင်ပွန်း ဦးမောင်တင်က စိတ်မချမသင်္ကာသဖြင့် နောက်မှလိုက်သွားရာ မငွေနှင့် သန်းမြင့်တို့ ပွေ့ဖက်ဖောက်ပြန်နေသည်ကို ပက်ပင်းမိခဲ့သည်။ သန်းမြင့်လည်း တရားလိုကိုမမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ပုဆိုးပြင်ဝတ်ပြီး ထွက်ပြေးသွားသည်။ (၁၃၅၈ ခုနှစ်ကလည်း မငွေနှင့် သန်းမြင့်တို့ ဖောက်ပြန်ခဲ့သည်ကိုမိခဲ့ရာ ငွေကျပ် ၅၀၀၀ လျော်ကြေးရယူပြီး ကြေအေးခဲ့ဖူးသည်။) သို့ဖြစ်၍ သန်းမြင့်အား အရေးယူပေးရန် ဦးမောင်တင်က ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သည်။

အမရပူရမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၆၁၄/၉၉ တွင် တရားခံ သန်းမြင့်အား အမှုမှ အပြီးအပြတ်လွှတ်စေဟု ချမှတ်သည့် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၃ ရက် ရက်စွဲပါ မူလတရားရုံး၏ အမိန့်ကို ရှေ့နေချုပ်ရုံးကမကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံတင်သွင်းခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလအမှုတွဲအား လေ့လာကြည့်ရှုရာတွင် တရားလို ကိုမောင်တင်က ရုံးရှေ့ထွက်ဆိုရာတွင် ပထမဝါဆိုလဆန်း ၂ ရက်က မြစ်သားမြို့နယ်၊ ခန္တီလေးကျေးရွာသား ကိုဝင်းက ၎င်းအား ဇနီးမငွေ၏ နေပုံထိုင်ပုံမမှန်ကန်၍ဆုံးမရန် သတိပေးပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ပထမဝါဆိုလဆန်း ၄ ရက်က ဖောက်ပြန်သည်ကို မျက်မြင်တွေ့သော်လည်း ဒေါသအလျောက် မည်သို့မျှမပြုလုပ်ခဲ့ကြောင်း၊ တရားခံနှင့် ဖောက်ပြန်သည်ကိုသိရှိပြီးနောက် လဆန်း ၅ ရက်၌ တောင်တိုင်းရွာ ဦးမြဆင်-ဒေါ်လှကြည်နေအိမ်တွင် ပြန်လည်အပ်နှံထားခဲ့ကြောင်း၊ ထိုကဲ့သို့ အပ်နှံထားစဉ် ဝါဆိုလဆန်း ၁၀ ရက်၌ တောင်တိုင်းရွာရှိ နေအိမ်နောက်ဘက်တစ်ခြံကျော် ပြောင်းဖူးခင်း နှစ်ခင်းကြား လူသွားဖြတ်လမ်းတွင် တရားခံ သန်းမြင့်က ၎င်း၏ဇနီး မငွေကို လက်ဆွဲ၍ စကားပြောနေသည်ကိုတွေ့မြင်ရကြောင်း ထွက်ဆိုချက်ကို တရားရုံးချုပ်က စိစစ်ခဲ့သည်။

အထက်ပါလက်သေများ၏ ထွက်ဆိုချက်များကို ခြုံငုံသုံးသပ်ရပါက တရားလို ကိုမောင်တင်၏ဇနီး မငွေနှင့် တရားခံ သန်းမြင့်တို့ ဖောက်ပြန်နေသည်မှာ ထင်ရှားကြောင်း၊ မူလတရားရုံးသည် ပထမဝါဆိုလဆန်း ၄ ရက်က စဉ့်ကိုင်မြို့နယ် တအုံကျေးရွာတွင် ကျူးလွန်သည်ဆိုသည့်ပြစ်မှုအတွက် တရားလိုအနေဖြင့် ပြစ်မှုကျူးလွန်ရာ ဒေသဖြစ်သည့် စဉ့်ကိုင်မြို့နယ် တရားရုံးတွင်သာ တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ ပထမဝါဆိုလဆန်း ၄ ရက်က ပြစ်မှုကျူးလွန်ရာဒေသသည် ဤရုံးတော်၏ စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်




ခြင်းမရှိသဖြင့် ၎င်းကိစ္စရပ်အပေါ် ဤရုံးတော်က မည်သို့မျှ စီရင်ဆုံးဖြတ်နိုင်မည် မဟုတ်ကြောင်း သုံးသပ်ပြီး တရားခံသန်းမြင့်အား အမှုမှအပြီးအပြတ် လွှတ်ထားကြောင်း တရားရုံးချုပ်က စိစစ်တွေ့ရှိခဲ့သည်။

မငွေ (လိုပြ-၂)မှာ တရားလို၏ဇနီး မဟုတ်ကြောင်း၊ မငွေက တရားလို၏ ဇနီး မငွေထိုင်သောနေရာတွင် သန်းမြင့်ရောက်လာပြီး မငွေနှင့် ဖောက်ပြန်သည်ကိုစွက် အနည်းအကျဉ်းမေးမိ၍ ရှက်သဖြင့် တဲအနောက်ဘက်သို့ ထွက်လာကြောင်း၊ ၎င်းနောက်ဆုံး တွေ့မြင်သည်မှာ သန်းမြင့်ထွက်ပြေးသွားကြောင်း၊ ကိုမောင်ဝင်း (လိုပြ-၃)ကလည်း မငွေနှင့် သန်းမြင့်တို့ ပွေ့ဖက်နေကြသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းက မောင်တင်အား မင်းမိန်းမ နေပုံထိုင်ပုံမဟုတ်ဘူးဟု သတိထားဆုံးမရန် ပြောကြားခဲ့ကြောင်း၊ ဦးစိန်ဝင်း (လိုပြ-၄) ကလည်း ကိုမောင်တင်က ၎င်း၏ဇနီး မငွေနှင့်သန်းမြင့်တို့ မိမိတဲမျက်နှာစာမှာ နေကြတိုင်ကြတာ မိလာတယ်ဟု ပြောပြကြောင်း ထွက်ဆိုချက်များကို စိစစ်ခဲ့သည်။

မူလတရားရုံး၏ ၁၉၉၉ ခုနှစ် ဇူလိုင် ၁၆ ရက် ရက်စွဲပါ ကြားဖြတ်မိန့်တွင်မူ တရားခံက အမရပူရမြို့နယ်တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ခြင်းမရှိဘဲ အမှုကိုလက်ခံထားခြင်းမှာ မှားယွင်းနေ၍ အမှုကို ပလပ်ပေးရန် လျှောက်ထားချက် ပယ်ထားသည်ကို စိစစ်ဖော်ထုတ်ခဲ့သည်။ မူလတရားရုံးက စီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားခံ၏လျှောက်ထားချက်အား ပယ်ခြင်းသည် မိမိစီရင်ပိုင်ခွင့်ရှိသည်ဟု ယူဆ၍ ပယ်ခြင်းဖြစ်ကြောင်း၊ ထိုအမိန့်နှင့်ပတ်သက်၍ တရားခံက အထက်ရုံးများသို့ တက်ရောက်ခဲ့ခြင်းမရှိ၍ ၎င်းအမိန့်မှာ အတည်ဖြစ်နေကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

မူလရုံးဖြစ်သော **အမရပူရမြို့နယ်တရားရုံးသည် မူလက တရားခံမှု စီရင်ပိုင်ခွင့်မရှိပါဟု ကန့်ကွက်သည့်ကိစ္စကို လက်မခံဘဲ အမှုအား ဆက်လက်စစ်ဆေးစီရင်ခဲ့ရာ အပြီးသတ်အမိန့်ချမှတ်သည့်အခါမှ မိမိ၏ စီရင်ပိုင်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းမှာ မလုပ်သင့် မလုပ်အပ်သောကိစ္စဖြစ်ကြောင်း၊ နောင်တွင် ဤကဲ့သို့ မလုပ်သင့်သော ကိစ္စမျိုးမလုပ်ရန် ကြပ်မတ်သတိပေးကြောင်း** တရားရုံးချုပ်က မှတ်ချက်ပြုခဲ့သည်။

ဤအမှုတွင် တရားလိုနှင့် လိုပြသက်သေများ၏ ထွက်ဆိုချက်များအရ တရားခံသည် တရားလို၏ ဇနီးနှင့် ဖောက်ပြန်မှုရှိခဲ့သည်ကို ထင်ရှားစွာတွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ တရားခံ၏ ကျူးလွန်မှုသည် မယားခိုးမှုမြောက်ကြောင်း၊ အမှုစစ်ဆေးရာတွင် တရားဥပဒေ တိမ်းစောင်းမှုရှိသည်ဟု မပေါ်ပေါက်ကြောင်း၊ သို့ဖြစ်ရာ တရားခံအား မယားခိုးမှုနှင့် အပြစ်ပေးရန်သာရှိကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။

ထို့ကြောင့် အယူခံမှုကိုခွင့်ပြုပြီး အမရပူရမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၆၁၄/၉၉ တွင် တရားခံ သန်းမြင့်အား အမှုမှ အပြီးအပြတ်လွှတ်စေဟု ချမှတ်သည့် မူလတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး တရားခံ သန်းမြင့်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၉၇ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ် ကျခံစေဟု တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့သည်။

အထက်ပါစီရင်ထုံး ပြဆိုချက်သည်မှာ အမှုစစ်ဆေးသည့် တရားရုံးသည် မိမိဒေသအတွင်း ဖြစ်ပွားခြင်းမရှိသည့်အမှုကို စစ်ဆေးရာ၌ တရားဥပဒေ တိမ်းစောင်းခြင်းမရှိလျှင် စစ်ဆေးမှုပျက်ပြယ်ခြင်းမရှိကြောင်း သိရှိနိုင်ကြပါသည်။ တရားစီရင်သူကလည်း မိမိစီရင်ပိုင်ခွင့်ရှိသည်ဟု ကနဦးဆုံးဖြတ်၍ အမှုကို စစ်ဆေးခဲ့ပြီး အပြီးသတ် အမိန့်ချမှတ်သည့်အခါတွင်မှ မိမိစီရင်ပိုင်ခွင့်မရှိဟု မဆုံးဖြတ်ရန် တရားရုံးချုပ်က သတိပေးချက်ကို တွေ့မြင်သိရှိရခြင်း ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သန်းမြင့် ၂၀၀၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ်-၃၆၉ (မန္တလေး) အမှုကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# တန့်ယန်းမြို့နယ်၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့် RBF စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**တန့်ယန်း ဇူလိုင် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နမ့်ဟူးလွယ်ကာကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းနှင့် ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက လုပ်ငန်းအဖွဲ့များကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နမ့်ဟူးလွယ်ကာကျေးရွာကို ခေတ်မီစံပြကျေးရွာဖြစ်စေရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းလည်ပတ်ရန်ပုံငွေများကို အစုအဖွဲ့ဖြင့် ဆောင်ရွက်မည့် နွားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း တန့်ယန်းခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးတင်မောင်လွင်ထံမှ သိရသည်။



**နီလာ**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဇေယျပန်းချီပြခန်းတွင် လူငယ်ပန်းချီဆရာ၊ ဆရာမများ၏ ပန်းသတင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အောင်ဇေယျ ပန်းချီပြခန်းတွင် မျက်နှာသစ်လူငယ် ပန်းချီဆရာ၊ ဆရာမများ၏ ပန်းသတင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ပန်းချီ အောင်သက်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းသတင်း ပန်းချီပြပွဲကို ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၄ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် ပန်းချီ မျိုးမြင့်အောင်၊ ပန်းချီ စိုးထက်ခိုင်၊ ပန်းချီ ကျော်ဇေယျ၊ ပန်းချီ မောင်အုံကြည်၊ ပန်းချီဆရာမ နန္ဒယဉ်ယဉ်ညွန့်၊ ပန်းချီ ကျော်ထက်၊ ပန်းချီဆရာမ သီတာသွဲ့တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကား ၁၀၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ကျောင်းဆင်း လူငယ် ပန်းချီဆရာ၊ ဆရာမတွေရဲ့ ပန်းချီကားအသစ်တွေချည်းပဲ စုစည်း ပြသမှာဖြစ်တဲ့အတွက် ပန်းချီချစ်သူတွေ လာရောက်အားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ ကျောင်းဆင်းလူငယ်မျက်နှာသစ်တွေရဲ့ ပန်းချီကားတွေဖြစ်တာကြောင့် လိုအပ်ချက်လေးတွေရှိခဲ့ရင် ဖြည့်ပြီးအားပေးစေချင်ပါတယ်"ဟု ပန်းချီ အောင်သက်ခိုင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄)လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄)လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့်အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် တစ်သိန်းမှ ငွေကျပ် ငါးသိန်းထိရှိကြောင်း သိရသည်။ ASH

# ပန်းဘဲတန်းမြို့နယ် Junction City ၌ ဂျာမန်စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပွဲတော်ကို ဇူလိုင် ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ Junction City ၌ ဂျာမန်စာကြည့်တိုက်နှင့်ယဉ်ကျေးမှုပွဲတော်ကို ဇူလိုင် ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါပွဲတော်ကိုစီစဉ်သည့် Goethe-Institut Myannmar မှ သိရသည်။

ဂျာမန်စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပွဲတော်ကို ဇူလိုင် ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် Junction City Ground Floor တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပွဲတော်တွင် ဂျာမန်ဘာသာစကား သင်တန်းကျောင်းများ၊ ဂျာမနီနိုင်ငံ ပညာရေးအကြောင်း၊ ဂျာမနီနိုင်ငံရှိ စာကြည့် တိုက်နှင့်ယဉ်ကျေးမှုပွဲများ အကြောင်းကို မျှဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဂျာမနီနိုင်ငံမှာ ပညာသင်ကြားလိုသူတွေ၊ ဂျာမန်ဘာသာလေ့လာလိုသူတွေနဲ့ ဂျာမနီနိုင်ငံက စာကြည့်တိုက်တွေနဲ့ ပွဲတော်တွေအကြောင်းကို အဓိကမျှဝေပေးသွားမှာပါ။ ဒီပွဲတော်မှာ ပါဝင်ဆင်နွှဲသူတွေကို ပျော်ရွှင်စရာဂိမ်းတွေ၊ ဥက္ကစမ်းတွေလဲ ပါဝင်မှာဖြစ်သလို ဆုလက်ဆောင်တွေလဲ ပြင်ဆင်ထားပါတယ်။ ပြတိုက်ခင်းကျင်းပြသသူ ပြတိုက်မှူး Curator ဖြစ်ချင်သူ မြန်မာလူငယ်တွေအတွက် ပြပွဲစီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်တွေကို Goethe-Institut Myannmar ရဲ့ အစီအစဉ်နဲ့ ပြည်ပ ပညာရှင်တွေက သင်ကြားပေးသွားမှာဖြစ်ပြီး ဒီပြပွဲမှာလဲ အဲဒီအကြောင်းအရာကို မိတ်ဆက်ပေးမှာဖြစ်ပါတယ်"ဟု Goethe-Institut Myannmar မှ Prof. Dr. Mi You က ပြောပြသည်။




ထို့ပြင် မြန်မာနိုင်ငံ၏အနုပညာအခင်းအကျင်းတွင် ပြပွဲစီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ တိုးလာစေရန်ရည်ရွယ်၍ လာမည့် ဩဂုတ် ၁၁ ရက်၊ ဩဂုတ် ၁၈ ရက်နှင့် ဩဂုတ် ၂၅ ရက်တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁ ရက်တွင်လည်းကောင်း ပြပွဲစီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များကို Goethe-Institut Myanmar ပြပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# အစွဲကွန်ရက် ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့တွင် ရိုက်ကူးသွားမည်

**ရန်ကုန် ဇူလိုင် ၄**

Forever Series Production က စီစဉ်ထုတ်လုပ်ပြီး MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် အစွဲကွန်ရက် ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇူလိုင်လအတွင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သည့်သရုပ်ဆောင် ဇော်ဦးက ပြောပြ၍ သိရသည်။

အစွဲကွန်ရက် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာမ ခင်မြတ်နိုးကရေးသားခြင်းဖြစ်ကာ အေးစန္ဒာဝင်း၊ ရီရီကျော်နှင့် မယ်ခိုင်တို့က ဇာတ်ညွှန်းခွဲရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဟိန်းကိုကိုနှင့် ကောင်းခန့်ဦးတို့က ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက ၂၀၂၀ ပြည့်နှစ်လောက်ကတည်းက ရိုက်ဖို့ တည်ထားတဲ့ဇာတ်လမ်းတွဲပါ။ အဲဒီတုန်းကတော့ ဒီနာမည် မဟုတ်ဘူး။ တိုက်ခန်းအမှတ်-၃၃ ဆိုလားပဲ။ အခုတော့ နာမည်အသစ်နဲ့ပါ။ သရုပ်ဆောင်ပိုင်းက အပြောင်းအလဲမရှိပါဘူး။ ဒီဇာတ်လမ်းတွဲကတော့ ဝိညာဉ်နဲ့ဆိုင်တဲ့ ဇာတ်လမ်းပါ။ ဝိညာဉ်တွေနဲ့ လူသားကြားက ဆက်သွယ်မှုတွေကို ထူးထူးခြားခြား တင်ပြထားတဲ့ ဇာတ်လမ်းတွဲပါပဲ။ ဒီဇာတ်လမ်းတွဲမှာ ဦးဇော်ဦးက ဝိညာဉ်တစ်ယောက်ပေါ့။ ဝိညာဉ်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် တကယ်ရှိသလား၊ မရှိဘူးလားလို့ မေးကြရင် မတွေ့ဖူးသေးလို့ မရှိဘူးလို့ ထင်နေတာလို့ ဒီဇာတ်လမ်းတွဲက အဖြေပေးမှာပါ"ဟု သရုပ်ဆောင် ဇော်ဦး ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် သာထက်ဉာဏ်ဇော်၊ ရန်လင်းအောင်၊ ထူးပြည့်အောင်၊ ရှင်မင်းဆက်၊ ဝိုင်းရွှေရည်နှင့် ဝါရင့်ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် ဇော်ဦး၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်သန်းသန်းဆင့် စသည့်အနုပညာရှင်များက အားဖြည့်ပံ့ပိုးထားကြောင်း သိရသည်။ ASH

# Deadpool-3 ဇာတ်ကားတွင် မင်းသား အိုဝင်ဝီဆင် ပါဝင်နေဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၄**

Deadpool-3 ဇာတ်ကား၌ ကမ္ဘာကျော်မင်းသား အိုဝင်ဝီဆင် ပါဝင်သရုပ်ဆောင်နေဖွယ်ရှိကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသား အိုဝင်ဝီဆင်အနေဖြင့် Deadpool-3 ဇာတ်ကား၌ Mobius ဇာတ်ကောင်နေရာတွင် ပြန်လည်ပါဝင်မည်ဟူသော သတင်းများမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကပင် စတင်ပေါ်ထွက်လာခဲ့သည်။

လက်ရှိတွင် အိုဝင်ဝီဆင်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ရောက်ရှိနေသည်ဖြစ်ရာ Deadpool-3 ဇာတ်ကား၌ ၎င်းပါဝင်သရုပ်ဆောင်နေသည်ဟူသော သတင်းများလည်း ပို၍ခိုင်မာလာခဲ့ရသည်။

မာဗယ်စတူဒီယိုသည် Deadpool-3 ဇာတ်ကားကို လက်ရှိတွင် လန်ဒန်မြို့၌ ရိုက်ကူးလျက်ရှိကြောင်း၊ သို့ရာတွင် မာဗယ်စတူဒီယိုက Deadpool-3 ဇာတ်ကား၌ အိုဝင်ဝီဆင် ပါဝင်မှုရှိမရှိကို တရားဝင် အတည်ပြုကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO




# Indiana Jones and the Dial of Destiny ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာသန်း ၁၃၀ ရရှိ

**နယူးယောက် ဇူလိုင် ၄**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Indiana Jones and the Dial of Destiny ဇာတ်ကားသည် ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ရက်များတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၃၀ ထိရရှိထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဇွန် ၃၀ ရက်တွင် စတင်ရုံတင်ခဲ့သည့် Indiana Jones and the Dial of Destiny ဇာတ်ကားသည် ဇူလိုင် ၂ ရက်ထိ မြောက်အမေရိကဈေးကွက်၌ အမေရိကန်ဒေါ်လာ သန်း ၆၀ ရရှိခဲ့ပြီး နိုင်ငံတကာဈေးကွက်မှ အမေရိကန်ဒေါ်လာ သန်း ၇၀ ထိရရှိထားသည်။

အဆိုပါဇာတ်ကားသည် ၁၉၈၁ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော Indiana Jones and the Dial of Destiny ဇာတ်ကားများအနက် ပဉ္စမမြောက်ဇာတ်ကားဖြစ်ပြီး Indiana Jones ဇာတ်ကောင်နေရာ၌ မင်းသားကြီး ဟယ်ရီဆင်ဖို့ ပါဝင်သရုပ်ဆောင်ထားသော နောက်ဆုံး Indiana Jones ဇာတ်ကားလည်းဖြစ်သည်။

Indiana Jones and the Dial of Destiny ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းမင်းဂိုးက တာဝန်ယူ ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win watches 2023 football tourney of universities of various ministries and gives away honorary awards






Vice-Senior General Soe Win watches the final match.



Vice-Senior General Soe Win presents cash award to the winning team.

**Nay Pyi Taw July 4**

The final match of the 2023 football tourney of universities of various ministries, held with the objective "From university selection to national selection" was played at Wunna Theikdi Sports Stadium here this evening, attended by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win who gave away honorary awards.

Among the spectators were SAC members, union level officials, union ministers, the Nay Pyi Taw Council chair, deputy ministers, permanent secretaries, directors general, rectors, deputy directors general,

*See Page 13*




The third prize winning team receives cash award.



A winner receives cash award.



A winner receives prize.



The best goal keeper award winner receives cash award.



A winner receives prize.

# A system underway for farmers to take out loans from banks after entrusting crops at warehouses


A warehouse full of bags of rice.

**Yangon July 4**

The Myanmar Rice Federation decided to implement the system for farmers to take out loans from banks after handing over crops to the warehouses, said president U Ye Min Aung of the federation.

The Myanmar Rice Conference in 2022 has discussed implementation of the system through the government and private sector for providing cash assistance to farmers based on warehouse certificate for development of rice sector. Such a system aims to address loss of farmers and stabilize rice prices.

"We are making preparations to launch such system since 2012-13 financial year. Now, we will launch it. The community level operations will be set up in villages and townships where farmers can hand over rice and paddy to warehouses. Heavy operations will be initiated in Ayeyawady, Yangon and Bago regions and Nay Pyi Taw Council Area," said the president.

With regard to the system, farmers can take out loans from the banks by showing the mortgage commodity certificates from the warehouses.

Farmers will be owners of crops and warehouses owners from villages have to be those who issue certificates of warehouses for crops.

Moreover, government and private banks will issue loans to farmers depending on warehouse certificates whereas government organizations will be those who adopt policies, regulations and disciplines for the system. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Price of ginger leads to upward trend

**Yangon July 4**

Prices of ginger lead to upward trend in the domestic market, according to the Myanmar Fruit, Vegetables, Flowers Growers and Exporters Association.

Ginger is cultivated in Shan, Chin, Kayah and Rakhine states. Especially, it is grown in Pinlaug, Aungban, Kalaw, Heho, Nyaungshwe, Pindaya, Ywangan, Hopong, Taunggyi and Pekhon townships.

Currently, ginger is cultivated on some 17,800 acres of land, yielding some 71,100 tons per year. As local consumption of ginger hits more than 50,000 tons per year, surplus more than 2,000 tons is exported to foreign market.

Ginger is shipped to India, Bangladesh, Indonesia, South Korea and Germany.

As demand of ginger is high in Bangladesh, prices of ginger are higher there. So, Bangladesh imports ginger from China, Vietnam and India.

Currently, China has low inventory of ginger, prices of stock are higher. Import price of ginger set at 370 Taka per kilo in Bangladesh. So, Bangladesh suspends import of ginger from China.

Likewise, prices of ginger from Vietnam and India reached 250 Taka to 270 Taka per kilo and Myanmar's ginger 220 Taka to 240 Taka.

By 2022, prices of ginger at domestic market set at K450 to K800 per viss compared to K1,800 to K5,000 per viss in early 2023. After the Maha Thingyan festival, ginger was traded at K8,500 per viss.

Currently, as demand of ginger from Bangladesh and other countries is high, prices of ginger lead to the upward trend in the market.

336


Gingers being dried in the sun.

# MNA to run flights to Bodh Gaya as from September 2023

**Yangon July 4**

Myanmar National Airlines-MNA arranged to run the flights to Bodh Gaya of India from September 2023, according to the press release of the airlines on 28 June.

The flights will be operated four times a week from Yangon-Gaya-Yangon route. The flights will be run on Monday, Wednesday, Friday and Saturday every week.

Chartered flight to Bodh Gaya will be arranged under the timetables to be released soon.

Passengers need to take necessary documents and protocols of Covid-19 restrictions. Flight ticket for the round trip is US$435 per passenger.

Passengers can buy tickets at Sole Charterer Interconnection Travels at No 24/26 on 37th street in Kyauktada Township, dialing +959881818195-97, and may contact gaya@myanmarholiday.com and browse http://www.myanmarholiday.com.

Moreover, MNA runs Yangon-Manshi-Mandalay-Yangon route from 29 June. It is scheduled on Tuesday, Thursday and Saturday every week.

In this regard, the flight will start at 12.30 pm from Yangon and arrive in Mandalay at 1.30 pm. It will leave for Manshi at 2.30 pm and arrive in Manshi at 5.15 pm.

The airplane will depart from Manshi at 6.15 pm and arrive in Mandalay at 6 pm. It will leave at 7 pm and arrive back in Yangon at 8 pm.

336



A plane from Myanmar National Airlines.

*From Page 12*

members of the tourney organizing committee, officials, managers, coaches and athletes of football teams, university students, faculty members, staff and families of ministries and fans.

The final match between Education Ministry A team and Ministry of Natural Resources and Environmental Conservation team began at 3 pm, and the former beat the latter 6-1 and won the championship trophy.

After the match, SAC member Dr Kyaw Tun presented medal and honorary cash award to best goal keeper Saw Kyaw Khant No of MoE A team, SAC member Dr Aung Kyaw Min to best defender Khun Win Kyaw of Ministry of Agriculture, Livestock and Irrigation team, SAC member Dr Hmu Htan to best midfielder Htet Myat Min of MoNREC team, SAC member U Maung Ko to best forward Ko Ko Lin of Ministry of Border Affairs team, SAC member Mahn Nyein Maung to top goal scorer Zaw Zaw Htaik of MoE A team, SAC member Poe Reh Aung Thein to player of the match Than Myat Soe of MoE A team.

Afterwards, SAC member Lt-Gen Yar Pyae presented individual medals and honorary cash award to third-place winner MoBA team, SAC member Admiral Tin Aung San to second-place winner MoNREC team, SAC member General Mya Tun Oo to the first-place winner MoE A team.

The Vice-Senior General presented the championship trophy and a honourary cash award of Ks 10 million to the MoE A team.

After the prize-presentation ceremony, the Vice-Senior General and party cordially greeted the footballers of the tourney.

Eleven teams took part in the football tourney, which was held from 22 June up to this day in three groups.

100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အစ္စရေးနိုင်ငံက တန်ပြန်ဒရုန်းစနစ်အသစ် Counter-Drone ကို ထုတ်ဖော်ပြသခဲ့



အစ္စရေးနိုင်ငံ Smart Shooter ကုမ္ပဏီသည် အသေးစားဒရုန်းစနစ်များ (sUAS) ကို ထိထိရောက်ရောက် တန်ပြန်နိုင်စွမ်းရှိသော နည်းပညာပေါင်းစပ်မှုတစ်ရပ်ဖြစ်သည့် Counter Drone စနစ်အသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း ဇွန် ၃၀ ရက်က The Defense Post တွင် ဖော်ပြထားသည်။

Modern Day Marine 2023 ပြပွဲတွင်ပြသထားသော Counter Drone တန်ပြန်ဒရုန်းစနစ်အသစ်သည် DRS RADA ကုမ္ပဏီထုတ် MHR ရေဒါနှင့် Hopper Remote Controlled Weapon Station (RCWS) တို့ကို ပေါင်းစပ်အသုံးပြုထားသည်။ ကုမ္ပဏီ၏အဆိုအရ Hopper (RCWS) သည် တပ်ဖွဲ့ဝင်များ အနေဖြင့် အသေးစားဒရုန်းစနစ် (sUAS) များကို အဝေးမှထိန်းချုပ်တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

၎င်းစနစ်တွင်ပါဝင်သော MHR သို့မဟုတ် Multi-Mission Hemispheric Radar သည် အကွာအဝေး ၂၅ ကီလိုမီတာ (၁၅ ဒသမ ၅ မိုင်)မှ ဝင်ရောက်ပျံသန်းလာမည့် ရန်သူဒရုန်းများကို ထောက်လှမ်းနိုင်သည်။

စနစ်နှစ်ခုစလုံးသည် သီးခြားစီအသုံးပြုလုပ်ဆောင်နေပြီဖြစ်သော်လည်း ၎င်းတို့ကို ပေါင်းစပ်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ လက်နက်ကိုင်တပ်ဖွဲ့များ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် တန်ပြန်ဒရုန်းဖြေရှင်းချက်အသစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်ဟု Smart Shooter ကုမ္ပဏီက ပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏ Hopper (RCWS)ကို RPS-42 ရေဒါနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်ခြင်းသည် ဒရုန်းများကို လျင်မြန်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်မည့် အလွန်ထိရောက်သောဖြေရှင်းချက်တစ်ခုဖြစ်ပြီး တပ်ဖွဲ့ဝင်များနှင့် အရေးကြီးသောအချက်အခြာနေရာများကို အကာအကွယ်ပေးရန်သေချာစေမည်ဖြစ်သည်ဟု ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Michal Mor က ပြောကြားခဲ့သည်။

လူသိရှင်ကြား ချပြထားပြီးဖြစ်သော်လည်း ထပ်မံလုပ်ဆောင်ရန်လိုအပ်ချက်များရှိနေသည့်အတွက်ကြောင့် တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်ခြင်းမရှိသေးကြောင်းလည်း သိရသည်။

ခေတ်သစ်စစ်မြေပြင်တွင် ဒရုန်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်များ အရှိန်အဟုန်ဖြင့် ကြီးထွားလာနေချိန်တွင် တန်ပြန်-ဒရုန်းနည်းပညာပေါင်းစပ်မှုအသစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းလည်းဖြစ်သည်။

အချို့သောဒရုန်းများကို နှောင့်ယှက်ဖိဖျက်ခြင်းနှင့် အတုအယောင်ပြုလုပ်ခြင်းတို့ဖြင့် ပျက်ပြယ်သွားနိုင်ပြီး အချို့မှာ Hard Kill ဖြေရှင်းချက်များဖြစ်သည့် ပစ်ချဖျက်ဆီးရန်လိုအပ်ကြောင်း ကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့သည်။

မော်တော်ယာဉ်ပေါ်တွင် သို့မဟုတ် စစ်သင်္ဘောများပေါ်တွင် Tripod ဖြင့် တပ်ဆင်နိုင်သည့် Hopper (RCWS) အဝေးထိန်းချုပ်စနစ်သည် ပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် ၅ ဒသမ ၅၆-မီလီမီတာ သို့မဟုတ် ၇ ဒသမ ၆၂ Caliber ရိုင်ဖယ်ကိုအသုံးပြုထားပြီး အော်ပရေတာက အဝေးမှထိန်းချုပ်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ဘက်စုံသုံး MHR ရေဒါသည်စစ်မြေပြင် တပ်ဖွဲ့များအတွက် ဒရုန်းနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်များ ဆောလျင်စွာရရှိနိုင်စေမည်ဖြစ်ပြီး ဦးစားပေးပစ်မှတ်များအစီအစဉ်အလိုက် ပစ်မှတ်များကို စိစစ်ခွဲခြား၍ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ပံ့ပိုးပေးနိုင်မည်။

"ဒီလိုနည်းနဲ့ လက်နက်ကို ပစ်မှတ်ဝင်လာနိုင်တဲ့လမ်းကြောင်းမှန်တွေကို ညွှန်ပြပြီး တိုက်ပွဲဝင်အသင့်တပ်လှန့်ပေးနိုင်ပါတယ်။ ဒါမှသာ ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးဖို့ အဆင်သင့်ဖြစ်နိုင်တဲ့ကြိုတင်သတိပေးစနစ်လို့ ခေါ်နိုင်ပါတယ်"ဟု Smart Shooter ဒုတိယဥက္ကဋ္ဌ Arone Aloni က ရှင်းပြခဲ့သည်။

အဆင့်မြင့်တန်ပြန်ဒရုန်းဖြေရှင်းချက်စနစ်သစ်သည် အာရုံခံကိရိယာမှ ပစ်ခတ်သူဆီသို့ ပစ်မှတ်အချက်အလက်ပို့ဆောင်မှုကို အချိန်တိုအတွင်း လုပ်ဆောင်နိုင်သည့်အတွက် တပ်ဖွဲ့ဝင်များအတွက်ကြိုတင်သတိပေးနိုင်မှုစွမ်းရည်မြင့်မားကောင်းမွန်ပါသည်ဟု Michal Mor က ထည့်သွင်းပြောကြားခဲ့သည်။

"အဲဒါက လေကြောင်းရန်ကာကွယ်ရေးကို အဆင့်သစ်တစ်ခုကို ရောက်ရှိစေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**Israel Unveils New Counter-Drone Solution ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)သို့ ခဲယမ်းများနှင့် လက်နက်စနစ်အပိုပစ္စည်းများရောင်းချရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ခွင့်ပြု

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် တရုတ်(တိုင်ပေ)အား ခဲယမ်းများနှင့် လက်နက်စနစ် အပိုပစ္စည်းများကို အမေရိကန်ဒေါ်လာ သန်း ၄၄၀ ဖိုး ရောင်းချရန် ခွင့်ပြုခဲ့ကြောင်း ဇွန် ၂၉ ရက်တွင်ထုတ်ပြန်ခဲ့သည်။

၎င်းရောင်းချမှုသည် ပမာဏအားဖြင့် နည်းပါးပြီး တရုတ်(တိုင်ပေ)သို့ အမေရိကန်၏လက်နက်အမျိုးအစားသစ်များ ထပ်မံရောင်းချခဲ့ခြင်းမျိုး မဟုတ်သော်လည်း အမေရိကန်နှင့်တရုတ်တို့သည် ၎င်းတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို တည်ငြိမ်စေရန် သိမ်သိမ်မွေ့မွေ့ လှုပ်ရှားနေချိန်မျိုးတွင် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

မီလီမီတာ ၃၀ ခဲယမ်းမီးကျောက်များနှင့် ဆက်စပ်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ၃၃၂ ဒသမ ၂ သန်းဖိုးနှင့်၊ အမေရိကန်ဒေါ်လာ ၁၀၈ သန်းတန်ဖိုးရှိ ဘီးတပ်ယာဉ်များနှင့်လက်နက်ပြုပြင်ရေးဆိုင်ရာ အပိုပစ္စည်းများကို တရုတ်(တိုင်ပေ)သို့ ရောင်းချပေးသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကွန်ဂရက်လွှတ်တော်သို့ အကြောင်းကြားစာတွင် ရေးသားဖော်ပြထားသည်။

အဆိုပါရောင်းချမှုသည် တရုတ်(တိုင်ပေ)အား ယုံကြည်ရလောက်သော ခံစစ်စွမ်းရည်ကို ထိန်းသိမ်းထားရန်ကူညီပေးလိမ့်မည်ဖြစ်သော်လည်း ဒေသတွင်းရှိ အခြေခံ စစ်အင်အား ဟန်ချက်ကိုပြောင်းလဲပစ်နိုင်လိမ့်မည်မဟုတ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

၎င်းသည် တရုတ်(တိုင်ပေ)၏လုံခြုံရေးကို မြှင့်တင်ရန်နှင့် ဒေသတွင်းနိုင်ငံရေးတည်ငြိမ်မှု၊ စစ်ရေးဟန်ချက်ညီမှုနှင့်စီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းရာတွင်အထောက်အကူပြုလိမ့်မည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ထို့ပြင် တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ကျွန်ုပ်တို့၏ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန်နှင့်ဒေသတွင်းတည်ငြိမ်မှုကိုထိန်းသိမ်းရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်အပေါ် ကြိုဆိုပါသည်ဟုတွစ်တာတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ကွန်ဂရက်လွှတ်တော်တွင် အဆိုပါရောင်းချမှုကို ပယ်ချပိုင်ခွင့်ရှိသော်လည်း ထိုကဲ့သို့လုပ်ဆောင်မှုသည် ဖြစ်နိုင်ခြေ အလွန်နည်းပါးပြီး ဥပဒေပြုအမတ်များက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဝယ်ယူမှုတောင်းဆိုချက်များကို အတည်ပြုပေးမည့်အစား တရုတ်(တိုင်ပေ)ကို လက်နက်များတိုက်ရိုက်ရောင်းချပေးသွားရန် တွန်းအားပေးလျက်ရှိသည်။

ဆယ်စုနှစ်များစွာကြာ ကျင့်သုံးခဲ့သော ပေါ်လစီတွင် အမေရိကန်သည် ကာကွယ်ရေးအတွက် တရုတ်(တိုင်ပေ)ကို လက်နက်များရောင်းချနေသော်လည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုသာ အသိအမှတ်ပြုခဲ့သည်။



တရုတ်နိုင်ငံသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒီမိုကရေစီကို ကျင့်သုံးနေသည့် တရုတ်(တိုင်ပေ)ကို တရုတ်နိုင်ငံပိုင်နယ်မြေအဖြစ် အခိုင်အမာပြောကြားထားကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ အမျိုးသမီး Mao Ning က အမေရိကန်သည် တရုတ်(တိုင်ပေ)ကို လက်နက်များ ထောက်ပံ့ရောင်းချပေးနေမှုအပေါ် ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

"အမေရိကန်အနေနဲ့ထိုင်ဝမ်ရေလက်ကြားမှာ စစ်ရေးတင်းမာမှုဖြစ်စေတဲ့ အကြောင်းရင်းအသစ်တွေ ဖန်တီးတာကို ရပ်သင့်ပြီး ထိုင်ဝမ်ရေလက်ကြားမှာ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကို အန္တရာယ်ဖြစ်စေတဲ့လုပ်ရပ်တွေမှန်သမျှ ရပ်တန့်သင့်ပါတယ်"ဟု Mao Ning က သတင်းထောက်များကို ဇွန် ၃၀ ရက်က ပြောကြားခဲ့ကြောင်း သိရသည်။

**US Approves Sale of Ammunition, Parts to Taiwan ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကသာမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော နွေစပါး ၁၁၀၈၂ ဧက ရိတ်သိမ်းပြီးစီး



**ကသာ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် စိုက်ပျိုးထားသော နွေစပါး ၁၁၀၈၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍သိရသည်။

ယခုနှစ်တွင် ကသာမြို့နယ်၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ ရိတ်သိမ်းမှုကို ဧပြီလမှ စတင်ရိတ်သိမ်းခဲ့ကြရာ ယနေ့ တွင် နွေစပါး ၁၁၀၈၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၉ ဒသမ ၇၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကသာမြို့နယ်မှာ နွေစပါး ၁၁၄၁၃ ဧက လျာထား စိုက်ပျိုးခဲ့ရာ နွေစပါး ၁၁၀၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု စိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေ ရိတ်သိမ်းပြီးပြီ။ အထွက်နှုန်းကလဲ ကောင်းမွန်ပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၄၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၁၁၀၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် နွေစပါး ၁၁၀၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ကသာမြို့နယ်အတွင်း နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာများ၊ မြေဩဇာ ကျွေးနည်းစနစ်များ၊ သဘာဝမြေဩဇာ အသုံးပြုပုံများ၊ ပေါင်းရှင်းရန် ပိုးသတ်ဆေးအသုံးပြုပုံများ စသည်တို့ကို အသိပညာပေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါးဧက ၃၈၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ပဲခူးမြို့နယ်၌ စီမံကိန်းလုပ်ငန်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပါအဝင် ခရိုင်၊ မြို့နယ်တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားစေရန် ရည်ရွယ်၍ စီမံကိန်းလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ရှိ အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဝေက သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချပေးမည့်သင်ခန်းစာများကို စဉ်ဆက်မပြတ်လေ့လာသင်ယူရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုမွန်ဝင်းက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့်သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။



အဆိုပါ စီမံကိန်းလုပ်ငန်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဘာသာရပ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဘာသာရပ်၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်းဘာသာရပ်၊ ကျေးလက်စီးပွားရန်ပုံငွေမြှင့်မားရေးစီမံကိန်းဘာသာရပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ ဇူလိုင် ၈ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# သီပေါမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာခန်းမဆောင် တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေး

**သီပေါ ဇူလိုင် ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာခန်းမဆောင် တည်ဆောက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဆောင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဘော်ကျေးရွာအုပ်စု ရွာဟောင်းကျေးရွာနှင့် လောင်ခွန်ကျေးရွာအုပ်စု မူလေးကျေးရွာတို့တွင် ကျေးရွာခန်းမဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျဆောင်ရွက်ရန် ကျေးရွာများမှ တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ် ရွာဟောင်းကျေးရွာတွင် အလျား ပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ခန်းမဆောင် တည်ဆောက်ခြင်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၂၀ သန်းဖြင့်လည်းကောင်း၊ မူလေးကျေးရွာတွင် အလျား ပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ခန်းမဆောင် တည်ဆောက်ခြင်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၀ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများကို ယခုနှစ် ဇွန် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာများတွင် ဘာသာရေး၊ ပညာရေး၊ လူမှုရေး စသည့် အခမ်းအနားများ ဆောင်ရွက်ရာတွင် အဆင်ပြေပြေဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်ထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# China-ASEAN Forum on Emerging Industry ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

China-ASEAN Forum on Emerging Industry သို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ရောက်ရှိနေသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရှန်းကျန်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဝန်ကြီး Mr. Jin Zhuanglong ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် လျှပ်စစ်ကားများ၊ ဆိုလာများဆေးပစ္စည်းထုတ်လုပ်ရေးအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာများ လွှဲပြောင်းရရှိရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် China-ASEAN Forum on Emerging Industry ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး(UNOCHA)၏ ယာယီအကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၄**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်ကို ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံး(UNOCHA)၏ ယာယီအကြီးအကဲဖြစ်သူ Ms. Danielle Parry ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ၏ ယာယီအကြီးအကဲဖြစ်သူ Ms. Danielle Parry က ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးအပ်လိုသည့်ကိစ္စ၊OCHA ဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စများနှင့်ပြည်တွင်းခရီးသွားလာခွင့်ဆိုင်ရာကိစ္စများ တင်ပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီ(၁၂)ရပ်ဖွဲ့စည်းထားရှိမှု၊ မိုခါဆိုင်ကလုန်းမုန်တိုင်းအတွက် နိုင်ငံတကာအကူအညီများနှင့် စပ်လျဉ်း၍ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းဆောင်ရွက်ပေးနေမှုများ၊ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများသို့ နိုင်ငံတကာအကူအညီများပေးပို့ရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းယန္တရားတစ်ရပ် ဖော်ဆောင်ရေးဆောင်ရွက်နေမှု၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် OCHA တို့အကြား သဘောတူညီမှုစာလွှာ(LoA) သက်တမ်းတိုးလက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးနန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၄**

မန္တလေးနန်းမြို့ရိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မန္တလေးနန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးနန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရှေးမူမပျက်ထိန်းသိမ်းနိုင်ရေးကြိုတင်ကာကွယ်ဆောင်ရွက်မည့်အစီအမံများကို ပညာရှင်များပါဝင်သည့် မန္တလေးနန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေး ကြီးကြပ်မှုကော်မတီကိုဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ ကြီးကြပ်မှုကော်မတီအနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ဦးစားပေးအဆင့်လိုက် ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သည့်အတွက် အချို့နေရာများတွင် အုတ်များဆွေးမြည့်နေသဖြင့် အစားထိုးပြင်ဆင်နိုင်ရေး ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီးဟုသိရပါကြောင်း၊ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရန်လိုပါကြောင်း၊မိုးရာသီနှင့် ထူးခြားမိုးရွာသွန်းမှုများရှိသောအချိန်တွင် နန်းမြို့ရိုးအတွင်း အက်ကွဲကြောင်းများမှတစ်ဆင့် ရေစိမ့်ဝင်မှုမရှိစေရေး၊ ရေထွက်ပေါက်စနစ် ကောင်းမွန်စေရေး၊ နန်းမြို့ရိုးကြံ့ခိုင်မှုရှိစေရေးနှင့် ပြုပြင်ရန်လိုအပ်သည့် အုတ်ရိုး၊ သစ်သားပြာသာဒ်ဆောင်များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ သတ်မှတ်စည်းမျဉ်း၊မူဝါဒများအတိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်းလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးနန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကြီးကြပ်မှုကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ရတနာပုံဥယျာဉ်အတွင်းမှ ကျုံးဘက်သို့ ရေထွက်မှုအပေါ် ထိခိုက်မှုရှိ၊မရှိနှင့် ပြုပြင်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ကွင်းဆင်းစစ်ဆေးပြီးစီးမှုအပေါ်ပြုပြင်ရန် လိုအပ်သည့် နန်းမြို့အုတ်ရိုး၊ပြာသာဒ်များကို ဦးစားပေးအဆင့်လိုက်ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရမည့်အခြေအနေများ၊နန်းမြို့ရိုးအတွင်း၊ အပြင် အနီးတွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှဘဏ္ဍာနှစ်အလိုက် ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသည့်အခြေအနေများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေးလုပ်ငန်းများ စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ဗိုလ်မှူးချုပ်တင်ဆွေ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှုအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဂုံးချိန်ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှုများကို သွားရောက်ကြည့်ရှုပြီး ရေသန့်ဘူးများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းကာ အားပေးစကားများပြောကြားသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အလယ်ချောင်းကျေးရွာအုပ်စုအခြေခံပညာမူလတန်း(လွန်) ကျောင်း၌ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို ဒုတိယအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ကာ အားပေးစကားများပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်နေမှုများကိုသွားရောက်ကြည့်ရှုသည်။ ထို့ပြင် မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးသွားသည့် စာသင်ကျောင်းဆောင်များ ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောင်းသား၊ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံနေမှုကိုသွားရောက်ကြည့်ရှုပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့အတူ မတူပီမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နယ်မြေခံတပ်နယ်ခန်းမ၌ လေဘေးသင့်ပြည်သူများထံ အဝတ်အထည်မျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့မပရိယတ္တိဘုန်းတော်ကြီးကျောင်း၊ရွှေတောင်တန်းဘုန်းတော်ကြီးကျောင်းနှင့်ခေမာရာမပရဟိတဘုန်းတော်ကြီးကျောင်းတို့သို့သွားရောက်၍ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး သံဃာတော်များအတွက် သင်္ကန်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်အသုံးအဆောင်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသည် ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သာသနာ့ဗိမာန်တော်ကြီးတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကာ မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ခဲ့သောဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



ဗိုလ်မှူးချုပ်ဝင်းမောင်အား လေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း အုတ်တွင်းတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၄**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ဗိုလ်လုပွဲယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အုတ်တွင်းတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၄**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ဒိုင်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)မှ ကျောင်းသား၊ ကျောင်းသူများ၊အားကစားဝါသနာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၅-၇-၂၀၂၃ (ဗုဒ္ဓဟူးနေ)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၀၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# ဟသ်ာတမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်မြေခံတပ်ရင်း ခန်းမ၌ပြုလုပ်ရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကြက်ဥများကိုလည်းကောင်း၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယူနီဖောင်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဇူလိုင် ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၅၅၂ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၄၅၈ ဦး |

**နေပြည်တော် ဇူလိုင် ၄**

ဇူလိုင် ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၉၀ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၄**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ လှမချေကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး မြို့မဘုန်းတော်ကြီးကျောင်း၊ ရွှေတောင်တန်းဘုန်းတော်ကြီးကျောင်း၊ ပညာပါရမီဘုန်းတော်ကြီးကျောင်းတို့ကို သက်နန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဂုံးချိန်ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ရေသန့်ဘူးနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိသည်။


သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

အလားတူ ဘူးသီးတောင်သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဘူးသီးတောင်မြို့အတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့က အလယ်ချောင်းကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ


ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇူလိုင် ၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၉)ရပ်ကွက်နေ လှပြည့်ကျော်သည် ၎င်းအသုံးပြုသည့် "HlaPyaiKyaw" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ အိနှင်းထက်သည် ၎င်းအသုံးပြုသည့် "EiHinnHtet"Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာနေကျင်ရွှေနှင့် ၎င်း၏ သားဖြစ်သူ ဇင်ကိုကိုဝင်းတို့နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "KyinShwe" Facebook အကောင့်နှင့် "ZinKoKo Win" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာသစ်ရပ်ကွက်နေ အိပိုပိုကျော်(ခ)ပိုပိုသည် ၎င်းအသုံးပြုသည့် "Po Po" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မိုင်းရယ်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိုင်းရယ် ဇူလိုင် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် မိုင်းရယ်-နားဖျိုင်းရွာသွားလမ်းဘေးဝဲယာတွင် ပြုလုပ်သည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကိုစိုက်ပျိုးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မိုင်းရယ်မြို့နယ်တွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူ ဦးရေ ၂၅၀ တက်ရောက်ကြပြီး ဒေသနှင့်ကိုက်ညီသော ပန်းဝါ၊ မဲဇလီ၊ ယမနေ စသည့်ပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း မိုင်းရယ်မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။ **ကျော်ဇော်ဦး(မောရှမ်းမြေ)**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၅ | ၁၉၈၀ | ၁၉၅၅ | ၂၀၅၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၂၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၅ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၈၅ | ၂၁၀၅ | ၂၁၃၀ | ၂၁၃၅ | ၂၁၃၅ | ၂၃၆၅ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၃၅ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၁၉၈၀ | ၂၀၀၅ | ၂၀၀၀ | ၁၉၆၅ | ၂၀၈၅ | ၂၀၈၀ | ၁၉၇၅ | ၁၉၈၅ | ၂၀၂၀ | ၂၀၂၀ | ၂၀၂၅ | ၂၂၅၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၁၆၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၁၆၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၂ | ၁၈၉၂ |
| 95 Ron | ၁၉၄၃ | ၂၀၁၅ |
| HSD (500 ppm) | ၁၈၃၇ | ၁၉၀၃ |
| HSD (50 ppm) | ၁၉၁၁ | ၁၉၇၉ |
| HSD (10 ppm) | ၁၉၁၁ | ၁၉၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အီရတ်နိုင်ငံ အမ်ရှန်းမြစ်အတွင်း အောက်ဆီဂျင်နည်းပါးမှုကြောင့် ငါးများသေဆုံးမျောပါလျက်ရှိ



**ဘဂ္ဂဒက် ဇူလိုင် ၄**

အီရတ်နိုင်ငံ မေစန်ပြည်နယ် အမ်ရှန်းမြစ်အတွင်းနှင့် ကမ်းနားတစ်လျှောက်တွင် ယခုရက်ပိုင်းအတွင်း ငါးများထောင်နှင့်ချီသေဆုံးမျောပါလျက်ရှိပြီး မိုးခေါင်ရေရှားမှု၊ အောက်ဆီဂျင်နည်းပါးပြတ်လပ်မှုတို့ကြောင့်ဖြစ်ကြောင်း အီရတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ဇူလိုင် ၃ ရက်က ထုတ်ပြန်ချက်များကို ကိုးကား၍ France 24သတင်းဌာနက ဇူလိုင် ၃ ရက်တွင် ဖော်ပြထားသည်။

အဆိုပါငါးများသေဆုံးမျောပါလျက်ရှိသော အမ်ရှန်းမြစ်သည် အီရန်နိုင်ငံနယ်စပ်နှင့် ဆက်စပ်လျက်ရှိပြီး ကမ္ဘာကြီးပူနွေးမှုကြောင့် ဆိုးကျိုးများခံစားနေရသော တိုက်ဂရစ် မြစ်ဝှမ်းလွင်ပြင်ဒေသတွင် တည်ရှိကာ မိုးခေါင်ရေရှားမှုအခြေအနေများနှင့် ဆက်စပ်လျက်ရှိကြောင်း သုံးသပ်ထားပြီး တိတိကျကျသိရှိနိုင်ရန် စိုက်ပျိုးရေးဝန်ကြီးဌာနက ကော်မတီတစ်ရပ်ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အပူချိန်မြင့်မားပြီး ရေငွေ့ပြန်မှုတိုးမြင့်လာကာ ရေစီးဆင်းမှုလျော့နည်းသွားခြင်းကြောင့် ဆားဓာတ်မြင့်မားပြီး မြစ်အတွင်း အောက်ဆီဂျင် နည်းပါးမှုကြောင့် ငါးများ သေဆုံးရခြင်းဖြစ်ကြောင်း အီရတ် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ တိုက်ဂရစ်မြစ်ဝှမ်းလွင်ပြင်ဒေသတွင် စိမ့်မြေကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မေစန်ပြည်နယ်မှ ကြီးကြပ်ရေးအရာရှိ ခိုဒါအက်ဘတ်စလမ်က ပြောကြားခဲ့သည်။

အဆိုပါငါးများ သေဆုံးသောဒေသတွင် ငါးမျိုးစိတ်ကိုးမျိုးနေထိုင်ကျက်စားလျက်ရှိကြောင်း၊ ရေနှင့် ငါးများတွင် ဓာတုဓာတ်ပစ္စည်းများ ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ AZH

# မိုးခေါင်မှု၊ ရာသီဥတုပြောင်းလဲမှုတို့ကြောင့် အစ္စတန်ဘူးလ်အနီးရှိ ရေလှောင်တမံသုံးခုတွင် ရေပမာဏကျဆင်းသဖြင့် ရေဖြန့်ဝေရန် အခက်အခဲနှင့်ရင်ဆိုင်နေရ

**အင်ကာရာ ဇူလိုင် ၄**

တူရကီနိုင်ငံ အစ္စတန်ဘူးလ်မြို့အနီးရှိ အရေးပါသည့် ရေလှောင်တမံသုံးခုတွင် ရေပမာဏသိသိသာသာကျဆင်းနေသဖြင့် သောက်သုံးရေဖြန့်ဝေရန်အတွက် အခက်အခဲများရှိလာနိုင်သည့်အခြေအနေဖြင့်ရင်ဆိုင်နေရကြောင်း အစ္စတန်ဘူးလ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Sabah သတင်းဌာနက ဇူလိုင် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးခေါင်သည့်ပြဿနာအပြင် ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေခြင်းကြောင့်လည်း ရေထုအရင်းအမြစ်ခန်းခြောက်လာသည့်ပြဿနာကြောင့် ရေလှောင်တမံများတွင် ရေပမာဏသိသိသာသာကျဆင်းလာခဲ့ရခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်လာရနိုင်သည့် အခြေအနေဖြစ်သည့်အတွက် အခြေအနေပေါ်မူတည်ပြီး ရေဖြန့်ဝေမှုကို အကန့်အသတ်ဖြင့် ဆောင်ရွက်သွားရဖွယ်ရှိနေကြောင်းလည်း အာဏာပိုင်အဖွဲ့အစည်းက ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်တဲ့ ပြဿနာအပြင် ရေထုအရင်းအမြစ်တွေ ခန်းခြောက်လာတဲ့အတွက် ရေလှောင်တမံသုံးခုမှာရေပမာဏသိသိသာသာကျဆင်းလာမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေပမာဏ ကျဆင်းလာမှုကြောင့် သောက်သုံးရေတွေကို အကန့်အသတ်နဲ့ပဲ ဖြန့်ဝေရမဲ့အခြေအနေမျိုးဖြစ်နေတယ်။ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ကမ္ဘာမြေကြီးပူနွေးမှုတွေ မြင့်တက်လာတယ်။ ဒါ့ပြင် တူရကီနိုင်ငံအတွင်း ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် သဘာဝဘေးအန္တရာယ်တွေကလဲ ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေတယ်။ ဒီအခြေအနေအားလုံးကို ကျော်ဖြတ်နိုင်ဖို့ဆိုရင်တော့ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ဆောင်ရွက်သွားဖို့လိုအပ်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးစီမံချက်တွေ ချမှတ်ထားပေမဲ့လဲ ဒီစီမံချက်တွေနဲ့ အသားကျဖို့လဲ လိုအပ်နေပါတယ်"ဟု အစ္စတန်ဘူးလ် ရေထုအရင်းအမြစ်ဆိုင်ရာ ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရေထုအရင်းအမြစ်ဆိုင်ရာ ဦးစီးဌာနအနေဖြင့် အဆိုပါ ရေပမာဏ ကျဆင်းလာသည့် ပြဿနာကိုဖြေရှင်းနိုင်ရေး အရေးကြီးအချိန်သို့ ရောက်ရှိလာကြောင်း သိရသည်။

**ခိုင်းဆက်**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်

**ဒါကာ ဇူလိုင် ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းဒေသများတွင် လွန်ခဲ့သောရက်များအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Asia News Network သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းများကြောင့် နိုင်ငံအရှေ့မြောက်ပိုင်းဒေသများအတွင်းရှိ အဓိကမြစ်ကြီးများအားလုံး မြစ်ရေပမာဏလျင်မြန်စွာမြင့်တက်လာခဲ့ပြီး လာမည့်ရက်များတွင် ရေကြီးရေလျှံမှုအန္တရာယ်တိုးလာနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါဒေသတွင်းရှိ Sunam-ganj နှင့် Natrakona ခရိုင်တို့ကိုဖြတ်သန်းစီးဆင်းလျက်ရှိသော Su-rma၊ Old Surma နှင့် Somes-wari မြစ်သုံးစင်းသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေသဖြင့် ရေလွှမ်းမိုးနိုင်သောဒေသများ ပိုမိုတိုးလာနိုင်ကြောင်း၊ ၂၄ နာရီအတွင်း မြစ်အောက်ပိုင်းဒေသများတွင် အခြေအနေပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် ရေကြီးမှုခန့်မှန်းချက်နှင့် သတိပေးချက်စင်တာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Sunamganj ခရိုင်နှင့်အနီးတစ်ဝိုက်ဒေသများတွင်မူ ဇူလိုင် ၃ ရက်မှစ၍ ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိရာ လူနေရပ်ကွက်အများအပြား ရေနစ်မြုပ်မှုကြောင့် လူထောင်ပေါင်းများစွာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

AZH

# အိန်ဂျလိစ်အမျိုးသားသစ်တောဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွား

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ရှိ အိန်ဂျလိစ်အမျိုးသားသစ်တောဥယျာဉ်အတွင်း ဇူလိုင် ၂ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကို ရယူထားကြောင်း လော့စ်အိန်ဂျလိစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NBC News သတင်းဌာနက ဇူလိုင် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်နေရာသည် မြေပြင်မှ မီးသတ်ကားများဖြင့် သွားရောက်ငြိမ်းသတ်ရန် ခက်ခဲသည့်အခြေအနေကြောင့် လေကြောင်းအကူအညီကို ရယူထားရခြင်းဖြစ်ကြောင်း၊ တောမီးသည် ဇူလိုင် ၂ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အချိန်တိုအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၃ ဒသမ ၈ ဧကထိ လောင်ကျွမ်းပျက်စီးခဲ့ကာ တောမီးငြိမ်းသတ်ရန် ခက်ခဲသည့်အတွက် တောမီးလောင်ကျွမ်းမှုဧရိယာ ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း၊ မိုးလေဝသအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုသည် နေအိမ်များဆီသို့လည်း ကူးစက်လာနိုင်သည့်အခြေအနေမျိုးရှိနေသည့်အတွက် အိန်ဂျလိစ်အမျိုးသားသစ်တောဥယျာဉ်အနီးတွင်တည်ရှိသည့်ဒေသများမှဒေသခံများကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားရန် လော့စ်အိန်ဂျလိစ်မီးသတ်တပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"အိန်ဂျလိစ် အမျိုးသားသစ်တောဥယျာဉ်မှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်နေသလို တောမီးဟာ တောင်တန်းပေါ်မှာ လောင်ကျွမ်းနေတာဖြစ်တဲ့အတွက် တောမီးကို မြေပြင်ကနေ ငြိမ်းသတ်ဖို့အခက်အခဲရှိနေပါတယ်။ ဒါကြောင့် လေကြောင်းအကူအညီကိုရယူထားရပါတယ်။ အပူချိန်မြင့်တက်နေတဲ့အတွက်ကြောင့်လဲ နေအိမ်တွေဆီကို ကူးစက်သွားနိုင်တဲ့အခြေအနေဖြစ်တဲ့အတွက် လိုအပ်လာရင်ဘေးလွတ်ရာ အမြန်ဆုံးရွှေ့ပြောင်းနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်"ဟု လော့စ်အိန်ဂျလိစ်မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ခိုင်းဆက်**

# ဂျီအိုလာစီရင်စုတွင် ရာသီဥတုလွန်ကဲမှုဖြင့် ရင်ဆိုင်နေရကြောင်း တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာန ထုတ်ပြန်

**ဆိုးလ် ဇူလိုင် ၄**

တောင်ကိုရီးယားနိုင်ငံ ဂျီအိုလာစီရင်စုတွင် ယခုနှစ်အတွင်း ရာသီဥတု လွန်ကဲမှုများကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားနေကြောင်း တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Chosun သတင်းဌာနက ဇူလိုင် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျီအိုလာစီရင်စုတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဇွန် ၂၄ ရက်ထိ မိုးရွာသွန်းမှုနည်းပါးနေပြီး ဆန်စပါးစိုက်ပျိုးရေးအတွက် ရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ သို့သော် ဇွန် ၂၅ ရက်မှစ၍ ဇွန် ၃၀ ရက်ထိ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ စိုက်ပျိုးရေးလုပ်ငန်းများ အခက်တွေ့လျက်ရှိနေကြောင်း၊ ဇွန် ၂၅ ရက်မှ ဇွန် ၃၀ ရက်အတွင်းရွာသွန်းခဲ့သည့် မိုးရေချိန်မှာ ပြီးခဲ့သော ခြောက်လတာကာလအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်ထက် ပိုမိုမြင့်မားခဲ့သည့်အတွက် ရာသီဥတုလွန်ကဲသည့်ပြဿနာဖြစ်ကြောင်း တောင်ကိုရီးယား မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မနှစ်တုန်းက မိုးခေါင်ခဲ့တယ်။ မိုးခေါင်တဲ့ပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ တော်တော်များများအထိနာခဲ့တယ်။ ကောက်ပဲသီးနှံတွေဟာ ပုံမှန်ရိတ်သိမ်းနိုင်တဲ့ ပမာဏအောက် ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းထိ လျော့နည်းရိတ်သိမ်းနိုင်ခဲ့တယ်။ ပြီးခဲ့တဲ့အောက်တိုဘာလကနေ ဇွန်လလယ်ပိုင်းထိမှာလဲ မိုးရွာသွန်းမှုနည်းပါးခဲ့တယ်။ ဒါပေမဲ့ ဇွန်လကုန်ပိုင်းမှာတော့ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ ဒီလောက်ထိ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေတာမျိုး မကြုံဖူးသေးဘူး"ဟု ဂျီအိုလာစီရင်စုမှ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလာသည့်တောင်သူတစ်ဦးက Chosun သတင်းဌာနသို့ ပြောကြားခဲ့သည်။

**ခိုင်းဆက်**



# စည်း

**လင်းလက်ကြယ်(လက်ပံလှ)**

(၁)

မန္တလေး-မိုးကုတ် ကားလမ်းမကြီးပေါ်မှာတော့ ကားတွေ၊ ဆိုင်ကယ်တွေ သွားလာနေမြဲ။ တဒံပင်က တဒံရွက်တို့ဟာလဲ ရွက်သစ်ဝေဖို့အတွက် ရွက်ဟောင်းတွေ ကြွေကျနေပြီ။ တပေါင်းလရဲ့ နေ့အပူရှိန်က ကြောက်ခမန်းလိလိ။ တစ်ခါတလေ ကားလမ်းမကြီးပေါ်ကို ကြည့်လိုက်၊ တဒံရွက်တွေကြွေတာကိုကြည့်လိုက်နဲ့ တက်တူတစ်ယောက် အာရုံတွေကို စုစည်းနေမိတယ်။ တစ်ခါတစ်ခါကျတော့လဲ မိသားစုအကြောင်းကို ပြန်တွေးရင်း အတိတ်က ဆိုးခဲ့တာတွေကို ပြန်တွေးနေမိတယ်။ အဲဒီအချိန်တွေကို ပြန်တွေးတိုင်း ဝမ်းနည်းမှု၊ နှမြောမှုတို့က ဖြစ်ပေါ်လာတယ်။

"ဆရာဝန်ကတော့ ဆေးထိုးပေးလိုက်တယ်။ မနက်ဖြန်ကျရင်လဲ လာခဲ့အုံးတဲ့"

မိန်းမက တက်တူ အနားရောက်ရောက်ချင်း ပြောလိုက်တယ်။ မိန်းမစကားကြောင့် တက်တူ ရင်လေးသွားမိတယ်။ သက်ပြင်းကိုလဲ မသိမသာ ခိုးချလိုက်မိတယ်။ သမီးလေးကို ကြည့်လိုက်တော့ သိပ်မလန်းဘူး ဖြစ်နေတယ်။

တကယ်မရှိတဲ့သူအတွက် ငွေ ၁၀၀၀၀ မပြောနဲ့၊ ငွေ ၁၀၀၀ ရဖို့က တော်တော်ခဲယဉ်းတယ်ဆိုတာ တက်တူ သဘောပေါက်မိခဲ့တယ်။ ဒီလို သဘောပေါက်သွားတာကလဲ ဘဝနဲ့လဲပြီး ရခဲ့တဲ့သင်ခန်းစာကြောင့်လေ။ ပိုက်ဆံအကြောင်းစဉ်းစားတော့ တစ်ချိန်က အတိတ်တွေက ပုံရိပ်လိုလာထင်နေမိတယ်။

(၂)

"ကိုတက်တူရယ် ရွှေအင်း မဆင်းပါတော့နဲ့လားတော်။ ဒီအတိုင်းလေးပဲ ဆံပင်ညှပ်နေပါလား"

မိန်းမက သူလည်ပင်းက ဆွဲကြိုးကို ဖြုတ်ပေးရင်း ပြောလိုက်တော့ တက်တူ စိတ်တိုသွားမိတယ်။

"ဖြုတ်ပေးမှာသာ ဖြုတ်ပေးလိုက်ပါ မိခင်ရာ။ ငါ့ကို ဆရာ လုပ်မနေပါနဲ့။ ရွှေအင်း ဆင်းတာကလဲ နင်ဆင်းရတာမဟုတ်ဘူး။ ငါဆင်းရတာပါ။ ဒီလို အလုပ်နှစ်ခုလုပ်လို့ပဲ နင်တို့ အခုလို စိုစိုပြည်ပြည် ဖြစ်နေတာမဟုတ်ဘူးလား"

"တော် ရှာနေတာက တော် ပြန်ဖြုန်းနေတာနဲ့ မကာမိဘူးရယ်"

"တယ် ဒီမိန်းမ၊ လျှာရှည်လိုက်တာ"

မိန်းမဆီက ဆွဲကြိုးကိုယူရင်း လွတ်နေတဲ့ လက်တစ်ဖက်က မိန်းမကိုရိုက်ဖို့ ရွယ်လိုက်တယ်။ အဲဒီလို ရွယ်လိုက်တော့လဲ မိန်းမက မျက်စိစုံမှိတ်ပြီး မျက်နှာကို လွှဲလိုက်တယ်။

"သွားခါနီးမို့ ဘာမှမလုပ်ချင်ဘူး။ နင် လျှာရှည်တာတွေ လျှော့နေ။ ဖဲက ရှုံးပါတယ်ဆိုမှ"

မိန်းမကို ပြောဆိုပြီး ခြံအပြင်ကို တက်တူ ထွက်ခဲ့လိုက်တယ်။

(၃)

"ကိုတက်တူ. . . ကိုတက်တူ"

အိပ်လို့ကောင်းနေတဲ့အချိန် ခန္ဓာကိုယ်ကိုလှုပ်နှိုးပြီး တစာစာအော်နေတဲ့ အသံကြောင့် မျက်စိကို ဖွင့်ကြည့်လိုက်တယ်။

"ဘာလဲ မိခင်ရာ။ ငါ အိပ်နေတာကို မမြင်ဘူးလား"

စိတ်တိုတိုနဲ့ မိန်းမကို အော်ငေါက်လိုက်တယ်။

"ရှင်မနေ့ကယူသွားတဲ့ ဆွဲကြိုးကော ပြန်ပါမလာဘူးလား။ ပြီးတော့ ဆိုင်ကယ်ကော"

"မရှိတော့ဘူး။ ဖဲရှုံးသွားပြီ"

"ဖြစ်မှ ဖြစ်ရလေ ကိုတက်တူရယ်။ ရှင် မိုက်လိုက်လေတော်။ ရှင်အသက်နဲ့ရင်းပြီး ရှာခဲ့တဲ့ ပစ္စည်းဥစ္စာတွေက ဒီဖဲကစားတာနဲ့ အကုန် ကုန်နေပြီ။ ကျုပ်ကတော့ ဒီရွှေတောမှာ မနေချင်တော့ဘူး။ ကျွန်မမိဘတွေရှိရာ လက်ပံလှပဲ ပြန်နေချင်ပြီ။ ပြီးတော့ ဒီမှာဆက်နေရင် ရှင်လဲ ဒီထက်မက ပိုဆိုးလာတော့မှာ"

"ငါအိပ်ချင်နေလို့ပါ မိခင်ရယ်။ နင်ပြောချင်တာတွေ နောက်မှ ပြောပါဟာ။ ဒီမှာ နင်စိတ်သာချ ငါ့ဘာသာ ဖဲရိုက်ချင်ရိုက်မယ်။ အရက်သောက်ရင် သောက်မယ်။ ဒါပေမဲ့ နင်တို့ သားအမိကိုတော့ အငတ်မထားပါဘူးဟာ"

တက်တူက မိန်းမကိုပြောပြီး မျက်စိတွေကို မှိတ်နေလိုက်တယ်။

"ကျွန်မက ကျွန်မ မစားရ၊ မသောက်ရ၊ မဝတ်ရမှာကို တွေးပူနေတာမဟုတ်ဘူး။ ကျွန်မတို့ရဲ့ သမီးလေး အနာဂတ်နဲ့ ရှင့်ဘဝကို ပျက်စီးမှာကြောက်လို့ပါ"

"ဟာကွာ စကားများတဲ့ မိန်းမ။ ယောကျ်ားအိပ်နေတာကို အလိုက်မသိတဲ့မိန်းမ"

စိတ်တိုတာနဲ့ အိပ်ရာထဲကနေထပြီး အပြင်ကိုသာ တက်တူ ထွက်ခဲ့လိုက်တယ်။

(၄)

"ဟေ့ကောင် တက်တူ ဘယ်သွားမလို့လဲ"

မိန်းမကိုစိတ်တိုတာနဲ့ အိမ်ကလွဲပြီး ဘယ်ရောက်ရောက် ထွက်လာခဲ့တာ။ ရွာဈေးတန်းလေးဖြတ်ပြီး ဘီယာဆိုင်နားရောက်တော့ လှမ်းခေါ်သံကြောင့် တက်တူ လှည့်ကြည့်လိုက်တယ်။

တက်တူလှည့်ကြည့်တော့ ဘီယာဆိုင်ထဲကနေ လက်ထောင်ပြနေတယ်။ စိတ်ထဲကနေလဲ လှမောင်တို့ပါလားလို့ ပြောလိုက်မိတယ်။

"ဆိုင်ကယ်မပါဘဲ ဘယ်တွေ လျှောက်သွားနေတာလဲဟ"

တက်တူ ဘီယာဆိုင်ထဲရောက်တော့ လှမောင်က ပြောလိုက်တယ်။ လှမောင်ရဲ့ အမေးကို မဖြေသေးဘဲ ထိုင်ခုံတစ်ခုယူကာ ထိုင်လိုက်တယ်။

"ညက စိုးဝေတို့နဲ့ ချိန်းပွဲသွားတော့ အခြေအနေမကောင်းလာတာ။ အဲဒါ မိုးလင်းမှ အိပ်ရတာကို အလိုက်မသိတဲ့မိန်းမက သူ့ဆွဲကြိုးပြန်မပါလာလို့ ဆူညံနေတာ။ စိတ်မရှည်တာနဲ့ ထွက်မိထွက်ရာ ထွက်ခဲ့လိုက်တာပဲ"

"အဲဒါဆိုရင် သောက်အုံးကွာ"

လှမောင်က သူ့အနားက ဘီယာခွက်ကို တက်တူရှေ့ ထိုးပေးလိုက်တယ်။ တက်တူလဲ လှမောင် ထိုးပေးတဲ့ ဘီယာခွက်ကိုယူပြီး တစ်ကျိုက်သောက်လိုက်တယ်။

"ဒါနဲ့ မင်းတို့က စောစောစီးစီး ဘီယာဆိုင်မှာထိုင်နေတာဆိုတော့ အဆင်ပြေနေကြတာပေါ့"

အမြည်းပန်းကန်ထဲက ကြက်သားဖတ်ကို တူနဲ့ယူရင်း လှမောင်တို့ကို မေးလိုက်တယ်။

"ဘောစိထွန်းရွှေရဲ့အင်းမှာ တစ်ရက်တစ်ညဆင်းရိုက်ထားတာလေ"

"အခြေအနေ ဘယ်လိုလဲ"

"မဆိုးဘူး ပြောရမှာပဲကွ။ ဒီညတောင် ဆက်ဆင်းပြီး ရိုက်မလို့ကွ။ မင်းလဲ လိုက်ခဲ့ပါလား"

လှမောင်က လှမ်းပြောလိုက်တော့ တက်တူ စဉ်းစားနေမိတယ်။ တက်တူရဲ့စိတ်ထဲမှာတော့ "လှေမျော လှေနဲ့လိုက်။ ငွေမျော ငွေနဲ့လိုက်"ဆိုတဲ့ ဖဲဝိုင်းစကားပဲ နားထဲမှာ ကြားနေမိတယ်။ မနေ့က ဖဲရှုံးတာက အရင်ရက်တွေထက် ပိုဆိုးတယ်။ မိန်းမ ဆွဲကြိုးနဲ့ ဆိုင်ကယ်အပြင် သိန်း ၂၀ လောက် အကြွေးတင်နေတာ။ အဲဒါသာ မိန်းမသိရင် ချက်ချင်းပဲ သူ့မိဘတွေရှိရာ ပြန်သွားမလားမသိဘူး။ သိန်း ၂၀ ဆိုတာကလဲ တကယ်ရွှေပေါ်တဲ့အင်းကို ဆင်းဖြစ်လို့ကတော့ သုံးခါလောက်ဆင်းရင် ကျေပါတယ်။ ဒါပေမဲ့ ရှုံးကြွေးကို ပြန်ချေပချင်တဲ့စိတ်က တက်တူရဲ့စိတ်မှာ စိုးမိုးနေတယ်။

"ငါတော့ မလိုက်ချင်သေးပါဘူးကွာ။ မနေ့က ရှုံးကြွေးကို မကျေနပ်လို့ ပြန်သွားချင်သေးတယ်"

"အဲဒါဆိုလဲ မင်းသဘောပဲ တက်တူရေ သောက်လေကွာ"

လှမောင်က ဘီယာခွက်ကို လေပေါ်မြှောက်လိုက်တော့ တက်တူနဲ့ ကျန်တဲ့သူတွေပါ မြှောက်လိုက်ကြတယ်။ ဘီယာခွက်တိုက်သံတွေနဲ့အတူ တက်တူတို့ ပါးစပ်ကလဲ ချီးယားဆိုပြီး အော်လိုက်တယ်။

(၅)

အိမ်ရှေ့မှာ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတဲ့ အကြွေးရှင်တွေကို မျက်နှာငယ်လေးနဲ့ တောင်းပန်နေတဲ့ မိန်းမကိုကြည့်ပြီး တက်တူ သနားနေမိတယ်။ အခုလိုဖြစ်တာတွေဟာ သူ့ကြောင့်ဆိုတာ သဘောပေါက်မိတယ်။ အခုချိန်မှာတော့ မှားပါတယ်ဆိုတဲ့ စကားကလွဲပြီး တက်တူမှာ ဘာမှမပြောနိုင်တော့ဘူး။ ပေခဲ့၊ တေခဲ့တဲ့ဒဏ်တွေကို အခုချိန်မှာ အလူးအလဲခံနေရတယ်။ လူလဲ အရိုးပေါ်အရေတင် ဖြစ်နေပြီ။ ကံကောင်းတာက မိန်းမက မိသားစု စားဝတ်နေရေးအတွက် အင်ဝိုင်းလှည့် လိုက်နေလို့တော်သေးတယ်။ တက်တူ အလုပ်မလုပ်နိုင်တော့ဘူး။ ကျန်းမာရေးမကောင်းနေတာ လနဲ့ချီကြာနေပြီဆိုတော့ အကြွေးရှင်တွေကလဲ အကြွေးတွေ လာတောင်းနေကြတာ။ နောက်ဆုံးတော့ လာတဲ့လူတွေကို မျက်နှာငယ်လေးနဲ့ ပြောနေရတဲ့ မိန်းမကို သနားလာတာနဲ့ ခြံနဲ့အိမ်လေးကို ရောင်းပြီး ပေးစရာရှိတဲ့သူတွေကိုပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီရွှေတော လောကမှာ ၁၄ နှစ်ကျော် ရှာဖွေလို့ရခဲ့တာတွေက အခုတော့ သဲထဲရေသွန်ဖြစ်ရတော့မယ်။ သက်ပြင်းကို အသာချကာ နောင်တမျက်ရည်တို့ကို တက်တူ သွန်ချနေမိတယ်။

(၆)

"ကိုတက်တူ. . . ကိုတက်တူ"

အတိတ်ကဖြစ်ခဲ့တာတွေကို ပြန်တွေးနေတုန်း ခေါ်သံကြောင့် တက်တူ သတိဝင်လာတယ်။ ကောင်ကလေး တစ်ယောက်ဖြစ်နေတယ်။ သိပ်ပြီးမရင်းနှီးပေမဲ့ မျက်မှန်းတော့ တန်းမိတဲ့သူဖြစ်နေတယ်။

"ဘာကိစ္စရှိလို့လဲ ညီလေး"

ကောင်ကလေးက တက်တူရဲ့ဆံပင်ညှပ်ဆိုင်ရှေ့ ဆိုင်ကယ်ရပ်လိုက်တော့ တက်တူက မေးလိုက်တယ်။

"ကိုမောင်မောင် မလာဘူးလား"

"အေး. . . ဒီနေ့ သူတစ်ခေါက်မှ ဒီမလာဘူးကွ။ ဘာဖြစ်လို့လဲ"

"သူ့ကို ပိုက်ဆံပေးမလို့ဗျ။ မနေ့က သူက အစ်ကို့ဆိုင်လာခဲ့လို့ ချိန်းထားတာ"

"ဟုတ်လား။ ဖုန်းဆက်မကြည့်ဘူးလား"

"ဖုန်းဆက်ကြည့်တယ်။ မကိုင်ဘူးရယ်။ ကျွန်တော်ကလဲ တောင်ပေါ်တက်ရမှာဆိုတော့ အချိန်က မရဘူးဖြစ်နေတာ။ ပြီးတော့ ကျွန်တော့်ဘက်က ကတိမတည်ဘူးလို့ ကိုမောင်မောင်ထင်မှာလဲ စိုးမိတယ်။ ကျွန်တော့်မှာလဲ တောင်ပေါ်သွားဖို့ရာ အရေးကြီးနေတော့ ကိုတက်တူပဲ ဒီငွေ နှစ်သိန်းကိုယူထားပြီး ကိုမောင်မောင်ကို ပေးပေးပါနော်"

ကောင်ကလေးက ပိုက်ဆံပေးပြီး ဆိုင်ကယ်မောင်းထွက်သွားတယ်။ ပိုက်ဆံ နှစ်သိန်းထုပ်ကိုကြည့်ပြီး ကြောင်အမ်းအမ်းဖြစ်နေတယ်။ အဲဒီအချိန် သမီးလေး ဆေးထိုးပြန်လာတုန်းက မိန်းမပြောတဲ့ စကားတွေကို တက်တူ ပြန်ကြားနေမိတယ်။

(၇)

နောက်မနက် မိုးလင်းတော့ လက်ထဲက ပိုက်ဆံ နှစ်သိန်းကိုကြည့်ပြီး တက်တူ ဆုံးဖြတ်ရခက်နေတယ်။ ဒီပိုက်ဆံ နှစ်သိန်းကို ပေးသွားတဲ့ ကောင်ကလေးနဲ့ တက်တူဆိုတာ သိပ်ပြီး မရင်းနှီးဘူး။ ပြီးတော့ ပိုက်ဆံပေးခဲ့တဲ့အချိန်မှာလဲ အသိသက်သေ တစ်ယောက်မှ မရှိဘူး။ ဘယ်သူမှလဲ မသိဘူး။ တက်တူရဲ့စိတ်ထဲမှာ အတွေးရိုင်း၊ စိတ်ရိုင်းတွေက ကြီးစိုးနေတယ်။

"ကိုတက်တူ ဘာလုပ်နေတာလဲ။ အမယ်လေး. . . ပိုက်ဆံတွေ အများကြီးနဲ့။ ဘာလဲ မနေ့က တော်တော် ဆံပင်ညှပ်လိုက်ရတယ်လား"

မိန်းမဖြစ်သူက တက်တူအနားရောက်လာပြီး တက်တူလက်ထဲက ပိုက်ဆံတွေကိုကြည့်ကာပြောလိုက်တယ်။ ပိုက်ဆံတွေ မြင်သွားတော့ မိန်းမမျက်နှာမှာ ပြုံးရိပ်တို့ သန်းသွားတာကို တက်တူ သတိထားလိုက်မိတယ်။

စာမျက်နှာ ၂၅ သို့ ➤

# ဘိုကလေးမြို့မှ ရန်ကုန်မြို့သို့ ဇွန်လအတွင်း မွေးမြူရေးကြက် ပိဿာချိန် ၄၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့မှ ရန်ကုန်မြို့သို့ ယခုနှစ် ဇွန်လအတွင်း မွေးမြူရေးကြက် ပိဿာချိန် ၄၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်မွေးမြူရေးကြက်များကိုဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် မေလအတွင်းက မွေးမြူရေးကြက် ပိဿာချိန် ၃၂၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း မွေးမြူရေးကြက်ပိဿာချိန် ၄၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့ကနေ ရန်ကုန်မြို့ကို မွေးမြူရေးကြက် တင်ပို့ရောင်းချရာမှာ ဒီနှစ်ဇွန်လအတွင်း မွေးမြူရေးကြက် ပိဿာချိန် ၄၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဇွန်လထဲမှာ ကြက်ပိဿာချိန် ပိုမိုရောင်းချခဲ့ရသလို ဈေးကလည်း ကောင်းလာခဲ့ပါတယ်။ မွေးမြူရေးကြက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အမြတ်အဆင်ပြေပါတယ်။ ဇွန်လထဲမှာ မွေးမြူရေးကြက်ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၈၅၀၀၀ ထိရှိခဲ့ပါတယ်။ လက်ရှိမှာ ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၉၀၀၀၀ ထိ ဈေးပေါက်လာပါတယ်" ဟု ဒေါ်တင်တင်ညိုက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးထိရှိပြီး ထွက်ရှိလာသည့်မွေးမြူရေးကြက်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မအူပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်

**မအူပင် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့်ကျေးရွာ ၁၀ ရွာမှ ကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက VDP စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက သင်တန်းတွင် လူဦးရေနှင့်အခြေခံအချက်အလက်များကောက်ယူနည်း၊ သယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများဖြည့်သွင်းနည်း၊ လုပ်ငန်းပြီးစီးမှုအစီရင်ခံစာတင်ပြခြင်းနှင့် မှတ်တမ်းထိန်းသိမ်းနည်း စသည့်သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကုက္ကိုစုကျေးရွာ ဝါးတောကျေးရွာအုပ်စု ဝါးတောကျေးရွာ၊ သုံးခွကျေးရွာအုပ်စု ဝါးတောကျေးရွာ၊ တံခွန်တိုင်ကျေးရွာ၊ ကျောင်းရွာကျေးရွာ၊ အင်းမကွက်သစ်ကျေးရွာ၊ ကျုံတောကျေးရွာ၊ ဖိုးစံကျေးရွာ၊ ကွမ်းသီးပင်စုကျေးရွာနှင့် ကံကုန်းကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီဝင်ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရေးဆွဲနည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ဇူလိုင် ၃ ရက်မှ ဇူလိုင် ၇ရက်ထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာထံမှ သိရသည်။

**ရိုးသန်းညွန့်**



➤ စာမျက်နှာ ၂၄မှအဆက်

"မင်းကလဲ ငါ့ရဲ့ဆံပင်ညှပ်လို့ရတဲ့ပိုက်ဆံက တစ်နေ့ ငွေ ၅၀၀၀ ရဖို့ကို ဆုတောင်းနေရတာ။ အခုပိုက်ဆံက ဘယ်လောက်လဲဆိုတာ ကြည့်လိုက်အုံး"

မိန်းမက တက်တူပြောတော့ ပိုက်ဆံတွေကို ရေလိုက်တယ်။

"ကိုတက်တူ ရှင် ဒီ ပိုက်ဆံတွေ ဘယ်က ရတာလဲ"

မိန်းမက စိုးရိမ်စိတ်နဲ့ အလန့်တကြား ပြန်မေးလိုက်တယ်။ အဲဒီအချိန် တက်တူလဲ မိန်းမကို အကျိုးအကြောင်း ပြောပြလိုက်တယ်။

"ကိုတက်တူရယ် ကျွန်မကတော့ ဘယ်လောက်ပဲ ခက်ခဲနေပါစေ အဲဒီလိုတော့ မလုပ်ချင်ပါဘူး။ မရှိရင် အငတ်သာခံလိုက်မယ်။သံသရာအကြွေးတော့ မယူချင်ပါဘူးတော်"

မိန်းမဆီက စကားကြားရတော့ တက်တူ စိတ်ပျက်သွားမိတယ်။ တကယ်ဆို မိန်းမကို အမှန်အတိုင်းဖွင့်ပြောလိုက်မိတာကိုက တက်တူ နောင်တရမိသွားတယ်။

"နင်ကလဲ ငါက လုပ်ချင်လို့ လုပ်တာမှ မဟုတ်တာ။ သမီးလေး ကျန်းမာရေးနဲ့ ငါတို့လောလောဆယ် အဆင်ပြေအောင်လို့ လုပ်တာကို"

"ဒါတွေဟာ မလုပ်ကောင်းတဲ့ အရာတွေပါ ကိုတက်တူရယ်။ ဘယ်သူမှ မမြင်ဘူး၊ ဘယ်သူမှ မသိဘူးဆိုပေမဲ့ ကျွန်မကတော့ လိပ်ပြာမလုံဘူးတော်။ သမီးဆေးခန်းပြဖို့ကုန်ကျငွေကို ကျွန်မဘာသာ ရှာကြံလိုက်မယ်။ ရှင်ကတော့ ဒီငွေကို ကိုမောင်မောင်ကို ပေးလိုက်ပါ။ ဘယ်လောက်ပဲ ကျွန်မတို့ အခက်အခဲဖြစ်နေပါစေ လူကျင့်ဝတ် စည်းလေးတော့ ကျွန်မတို့ ထိန်းထားရမှာပဲရှင်"

မိန်းမဖြစ်သူက သူ့ရဲ့ခိုင်မာတဲ့ဆုံးဖြတ်ချက်ကို ပြောပြီးထွက်သွားတော့ ပိုက်ဆံ နှစ်သိန်းကိုကြည့်ပြီး တက်တူ သက်ပြင်းချလိုက်တယ်။ စိတ်ထဲကနေလဲ ရှက်သလို၊ နောင်တရသလို ဖြစ်နေမိတယ်။ ပြီးတော့ မိန်းမပြောတဲ့ လူကျင့်ဝတ် စည်းဆိုတာလေးကြားရတော့ နဂိုရှိနေတဲ့ တက်တူရဲ့ စိတ်ရိုင်းတွေဟာ ရေနဲ့တွေ့တဲ့မီးလို ငြိမ်းသွားခဲ့တယ်။ တစ်ချိန်က တက်တူ စီးပွားရေးအဆင်ပြေတုန်းက အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ လူကျင့်ဝတ်စည်းကို ထိန်းနိုင်ခဲ့ရင် အခုလို ဘဝမျိုးဖြစ်လာမှာ မဟုတ်ဘူး။ မိန်းမနဲ့ သမီးလေးလဲ အနာဂတ်လှနေမှာ။ ပြန်တွေးရင်း နောင်တမျက်ရည်တို့ကို သွန်ချနေလိုက်ပါတော့တယ်။

# မိုးဦးရာသီ တောအလုပန်းချီ

- ဝသန်ကာလ မိုးကိုကြို
  တိမ်လွှာအုံ့မှိုင်းညို၊
  ကောင်းကင်ပြိုလို့ ရွာသွန်းချ
  မိုးဦးရာသီအစ။

- မြစ် ချောင်း ကန်ဝ ရေပြည့်လျှံ
  လယ်ယာစိုက်ပျိုးရန်၊
  ဟင်းရွက်သီးနှံ ဝင်ငွေတိုး
  ကျေးရွာစည်ပင်ဖြိုး။

- အောက်ရေတိုးလို့ သားငါးကြွယ်
  ပုစွန် ကဏန်းရယ်၊
  လတ်ဆတ်ချိုကြွယ် ပိုက်ကွန်မျှော
  ဝမ်းစာအလှုန်ပေါ။

- တောသဘာဝ ဟင်းရွက်တွေ
  ညွန့်ဖူးလိုင်လိုင်ဝေ၊
  ဘူး ဖရုံရွေ ကင်းပုံရွက်
  ကန်စွန်း ချဉ်ပေါင်ထွက်။

- ခရု ဖား ကြွက် ပုတတ် ယုန်
  စားဖွယ်ဟင်းမျိုးစုံ၊
  မှိုထွက်လို့ကြုံ ချိုစွမ့်မွှစ်
  ဖမ်းကြ လယ်ပုရစ်။

- မိုးရာသီဖြစ် သည်ချိန်ခါ
  ပန်းမျိုးစုံဝေဆာ၊
  တောဝလေ့ရှာ မြင်တင့်ဆန်း
  ရှုမျှော် လွန်အေးချမ်း
  ဖိတ်ခေါ်ကြိုလက်ကမ်း။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# တံတားဦးမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဆုံကျေးရွာအုပ်စု ချောင်းဆုံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုသမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၄၆ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချောင်းဆုံကျေးရွာ၌ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၄၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၃၁ ဒသမ ၅ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ငှက်တောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုတော ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ် ငှက်တောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ပုတောမြို့နယ် ငှက်တောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧကကို ဇူလိုင်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ၁၄၀၂၃ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ စပါးမျိုးစေ့ အသုံးပြုမှုမှန်ကန်စေရန်၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုတတ်စေရန်၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာများ အသုံးပြု စိုက်ပျိုးနိုင်ရန် စသည့်နည်းစနစ်များကို လယ်မြေများထိ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ငှက်တောင်းမြို့မှာ မိုးစပါး ၁၄၀၂၃ ဧကကို လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တဲ့ အကူအညီတွေနဲ့ နည်းပညာတွေကို ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီစေရေး၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြေပြင်ထိ ကြိုတင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငှက်တောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက မြေပဲ ၃၅၉၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၅၆ ဧက၊ မတ်ပဲ ၂၀၄ ဧက၊ ပဲတီစိမ်း ၉၉ ဧက၊ ဘိုကိတ် ၅၇၀ ဧက၊ ပြောင်းဖူးစားပြောင်း ၂၈၇ ဧက၊ ငရုတ် ၆၄ ဧက၊ စားဖိုဆောင်သီးနှံ ၇၂၈ ဧက စုစုပေါင်း ၅၇၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ထားဝယ်မြို့တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းဖွင့်

**ထားဝယ် ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည်မြှင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက သင်ထောက်ကူစာအုပ်များကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းကို ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် Computer System တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်ဆရာများက ယနေ့မှ ဇူလိုင် ၁၈ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၅၈၅၃ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၉၃၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးမြေပဲ ၅၈၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးမြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်နိုင်ပါတယ်။ ဆီထွက်သီးနှံထဲမှာ မိုးမြေပဲလဲ ပါဝင်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ ဒီနှစ်မှာဆိုရင် မိုးမြေပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိအချိန်ထိတော့ မိုးမြေပဲဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် မိုးမြေပဲကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၉၂၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# သရက်မြို့နယ် ညောင်ပိုင်းကျေးရွာ၌ တစ်ဖက်ပိတ်ဆည်တည်ဆောက်နေမှု စစ်ဆေး

**သရက် ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ညောင်ပိုင်းကျေးရွာ၌ တစ်ဖက်ပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာရေကော်မတီဝင်များနှင့်အတူ ညောင်ပိုင်းကျေးရွာ တစ်ဖက်ပိတ်ဆည် တည်ဆောက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Galaxy Khaing Mar ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

သရက်မြို့နယ်အတွင်း ညောင်ပိုင်းကျေးရွာ၌ အလျားပေ ၂၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ၁၅ ပေရှိ တစ်ဖက်ပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၆၉၉ သန်းဖြင့် Galaxy Khaing Mar ကုမ္ပဏီက ယခုနှစ် ဇွန် ၂၁ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**ခင်မာ**

# ဘားအံမြို့နယ် ခြံကလေး-သမင်ကုန်းကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ဘားအံ ဇူလိုင် ၄**


ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခြံကလေး-သမင်ကုန်း ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများသည် ကျေးရွာတာဝန်ရှိသူများနှင့်အတူ ခြံကလေး-သမင်ကုန်း ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မနတိုးပွားကုမ္ပဏီမှ တာဝန်ရှိသူများကို လုပ်ငန်းများ သတ်မှတ်စံနှုန်းများအတိုင်း အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၃၅ ဒသမ ၆၄ သန်းဖြင့် ခြံကလေး-သမင်ကုန်းကျေးရွာချင်းဆက်လမ်း၌ အလျားပေ ၂၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၀ ပေရှိသော ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မနတိုးပွားကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် မေ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၁၂၀၊ လူ ၇၄၈ ဦးအပြင် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူလာမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ယဉ်လေး**


တိုဗက်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့နောက်ဆုံးထား၍** လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၃၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ သြဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်...

❖ ယခုနိုင်ငံအတွင်း ဖြစ်ပေါ်နေသော အခြေအနေများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်...

❖ ကျင်းပမည့်ရွေးကောက်ပွဲသည်လည်း မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဖြစ်ပြီး ကမ္ဘာ့ရွေးကောက်ပွဲမဟုတ်...

❖ မိမိတို့နိုင်ငံသားများအတွက် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)**

---

## မြန်မာနိုင်ငံတွင် ပထမဆုံးနည်းပညာအသစ်အသုံးပြု၍ နှလုံးနှိုးစက်တပ်ဆင်ခြင်း၊ နှလုံးညှစ်အားကောင်းစေသောစက်တပ်ဆင်ခြင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တပ်ဆင်ကုသပေး



**မန္တလေး ဇူလိုင် ၄**

မြန်မာနိုင်ငံတွင် ပထမဆုံးနည်းပညာအသစ်အသုံးပြု၍ နှလုံးနှိုးစက်တပ်ဆင်ခြင်း၊ နှလုံးညှစ်အားကောင်းစေသောစက်တပ်ဆင်ခြင်းကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါကုဌာနတွင် လူနာငါးဦးကို တပ်ဆင်ကုသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ နှလုံးအထူးကုဆရာဝန်ကြီးတစ်ဦးက ပြောပြ၍ သိရသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါကုဌာနတွင်

**စာမျက်နှာ ၁၆ ကော်လံ ၅☆**

---



**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်**

စာမျက်နှာ - ၁၆

**အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းက ဇူလိုင် ၁၅ ရက်မှစ၍ ရန်ကုန်-ကွာလာလမ်ပူ-ရန်ကုန်ခရီးစဉ်ကို ထပ်တိုးပျံသန်းပြေးဆွဲပေးမည်**

စာမျက်နှာ - ၅

---

Quality For You VEGA **ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ** VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉